# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (14-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**အားကစားကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ့ဂုဏ် တင့်စေဖွယ်**

ဆောင်းပါး စာမျက်နှာ - ၁၀

**၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စမတောင်မဟာ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေပေးအပ်လှူဒါန်း**

စာမျက်နှာ - ၁၆

**(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊(၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယပလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်**

စာမျက်နှာ - ၁၈

## အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့၌ ကျင်းပခဲ့သည့် BIMSTEC Business Conclave သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် ဇွန် ၁၃**

အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များအသင်း (Indian Chamber of Commerce- ICC)၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့ရှိ Hytta Regency Kolkata Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ဘင်းမ်စတက်စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ(BIMSTEC Business Conclave)သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း၌ ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်လာရန် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။

မိမိတို့နိုင်ငံ၏ အများစုသော စီးပွားရေးလုပ်ငန်းများမှာ MSME အဆင့်တွင် ရှိနေကြသည်။ နိုင်ငံခြားလိုငွေပြခြင်း၏ စိန်ခေါ်မှုမှာ သွင်းကုန်ပမာဏ များပြားခြင်းကြောင့်ဖြစ်သည်။ MSME လုပ်ငန်းများ၏ အဓိကလိုအပ်ချက်မှာ ကုန်ကြမ်းသွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များဖြစ်သည်။ ကုန်ကြမ်းရရှိမှု ကုန်ထုတ်လုပ်မှု တစ်နည်းအားဖြင့် ရောင်းကုန်ပစ္စည်းထုတ်လုပ်နိုင်မည်ဖြစ်သည်။ ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုများကို အရည်အသွေးရှိသည့် ကုန်ပစ္စည်းများဖြစ်အောင် ကူညီဆောင်ရွက်စေခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပကုန်စည်ရောင်းချမှုတွင် များစွာတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုကို အဓိကဆောင်ရွက်နေသူများမှာလည်း MSME လုပ်ငန်းများသာဖြစ်သည်။

MSME လုပ်ငန်းများအတွက် အခြေခံအချက်သုံးချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် စသည့်အချက်များအပေါ် မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများ ညှိနှိုင်းပြီး ထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထုတ်ကုန်နယ်ပယ်တွင် အဓိကဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့်ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့် လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်၊ ဝါး၊ သားငါး၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအခြေခံထွက်ကုန်ထုတ်လုပ်နိုင်ရန် မိမိဒေသအလိုက် ရရှိနိုင်သည့်ကုန်ကြမ်းပေါ် မူတည်ပြီး ထွက်ကုန်နယ်ပယ်သတ်မှတ်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီး ထုတ်လုပ်ရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပိုင်းတွင်လည်း ထုတ်လုပ်နိုင်မည့်ထုတ်ကုန်အပေါ် မူတည်ပြီး ဖြစ်နိုင်ခြေကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME လုပ်ငန်းရှင်များကို သမဝါယမစနစ်၊ ပုဂ္ဂလိကစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများပံ့ပိုးနိုင်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ငွေကြေးစီးဆင်းမှုလွယ်ကူရေးတို့အတွက် လုပ်ငန်းကော်မတီက ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားကို မြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက် ထုတ်ကုန်များစွာ ထုတ်လုပ်ခြင်းအားဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးစည်ပင်နယ်နိမိတ်အတွင်း ဈေးရောင်းချခွင့်မပြုထားသည့်နေရာများ၌ ဈေးဆိုင်များဖွင့်လှစ်ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်မည်ဟုဆို

**မန္တလေး ဇွန် ၁၃**

မန္တလေး စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း ဈေးရောင်းချခွင့် မပြုထားသည့် နေရာများ၌ ဈေးဆိုင်များဖွင့်လှစ်ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးအပြင် အမှိုက်ကင်းစင်သည့်မြို့များ ဖြစ်ပေါ်လာစေရေးအတွက် ဈေးရောင်းချခွင့်မပြုထားသည့်နေရာများ၌ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချမှုမရှိစေရေး ဇွန်လတတိယပတ်အတွင်း စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း ဈေးရောင်းဖို့ ခွင့်မပြုတဲ့နေရာတွေ အများအပြားရှိပါတယ်။ ဥပမာ- ကျုံးဘေးလိုနေရာမျိုးဆို လုံးဝ ဈေးရောင်းချခွင့်မရှိပါဘူး။ ပြီးတော့ လူသွားလူလာများတဲ့ မိန်းလမ်းမကြီးတွေမှာဆိုရင်လဲ မြောင်းတွေကို ကျူးကျော်ပြီး ဈေးရောင်းချခွင့်မပြုပါဘူး"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်နယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်အတွင်း ဈေးရောင်းချသည့်ဈေးသည်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့် အခြားပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းချမှုများကို တွေ့ရှိပါက ဒဏ်ကြေး ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးဈေးကွက်အတွင်း စတင်ဝင်ရောက်လာသည့် ရင်ကွဲသရက်သီး တစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် ဈေးကောင်းရရှိ



**မန္တလေး ဇွန် ၁၃**

မန္တလေးဈေးကွက်အတွင်း စတင်ဝင်ရောက်လာသည့် ရင်ကွဲသရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

ရင်ကွဲသရက်သီးများသည် ယခုအခါ စတင်ပေါ်ထွက်လာပြီး ဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းသရက်သီးများသည် လှိုင်လှိုင်ထွက်ရှိမှုမရှိသေးဘဲ အနည်းငယ်သာထွက်ရှိပြီး မန္တလေးဈေးကွက်အတွင်း တစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်လည်းသွက်နေကြောင်း သိရသည်။

"မန္တလေးဈေးကွက်မှာ ရင်ကွဲသရက်သီးက တစ်လုံးကို ငွေကျပ် ၃၀၀ ထိရကြပါတယ်။ ရင်ကွဲသီးက ပေါပေါများများတော့ မထွက်သေးပါဘူး။ ခြံတွေမှာ အိတ်စွပ်ထားတုန်းပဲရှိပါသေးတယ်။ လှိုင်လှိုင်ပေါ်တဲ့အချိန် မရောက်သေးပါဘူး။ ရင်ကွဲသီးစပေါ်ချိန် ဈေးကွက်မှာ ဈေးကောင်းရနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ အလုံးလိုက်ပဲ ရောင်းတာတွေ့ရတယ်။ ခြင်းတွေ၊ ချပ်ဖာတွေနဲ့ ရောင်းချမှုက နည်းပါတယ်။ ဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ် မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရင် သန့်သလို ဈေးကောင်းရပါတယ်။ ရင်ကွဲသီးက ထွက်ရှိမှုနည်းသေးတော့ တရုတ်နိုင်ငံဈေးကွက်ကို တင်ပို့ရောင်းချမှု မရှိသေးပါဘူး။ နောက်ပိုင်းဆိုရင်တော့ တင်ပို့ရောင်းချသွားမှာပါ"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅၀၀၀ ရှိကြောင်း၊ သရက်အမျိုးအစားပေါင်း ၁၉၅ မျိုးရှိပြီး စိန်တလုံး၊ ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက် စသည့်သရက်သီးမျိုးများကို စိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ငါးမြို့နယ်ရှိ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောမည်

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေး အကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် ဇွန်လ တတိယပတ်မှစ၍ အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဟောပြောရာတွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးများက ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများ ပူးပေါင်းပြီး အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက ပြောပြသည်။

"မြို့နယ်တစ်မြို့နယ်ကို ငါးကြိမ် ဟောပြောပွဲပြုလုပ်သွားမှာပါ။ တိုင်းဒေသကြီးရုံးအနေနဲ့က တစ်ကြိမ်၊ ခရိုင်ရုံးအနေနဲ့က တစ်ကြိမ်၊ မြို့နယ်ရုံးအနေနဲ့ သုံးကြိမ် ပြုလုပ်သွားမှာပါ။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေးဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်မှာ မမာမကျန်းရမယ်၊ မီးဖွားရမယ်၊ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ် ဆိုတဲ့အကြောင်းအရာတွေ ဟောပြောမယ်။ ဆေးခန်းလာရင် စာရွက်စာတမ်းယူဆောင်ရမဲ့အကြောင်းတွေပြောမယ်။ ငွေကြေးအကျိုးခံစားခွင့်ရဖို့ ဆေးခွင့်ရလာရင် မြို့နယ်ရုံးတွေမှာ ပြန်လျှောက်တဲ့အခါ လိုအပ်တဲ့ စာရွက်စာတမ်းတွေအကြောင်းပြောမယ်။ အချိန်ကာလဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာဟောပြောမယ်။ အလုပ်သမားတွေ သိရှိလိုတာကို ဟောပြောပြီး အပြန်အလှန်ဆွေးနွေးပေးသွားမှာပါ"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအနေဖြင့် အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအာမခံစနစ်သုံးခုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရွှေတောင် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးထိမ်းကုန်းကျေးရွာအုပ်စု ရှင်ငယ်ရွာသစ်ကျေးရွာနှင့် ဆိတ်ကြီးကျေးရွာအုပ်စု သဲဖြူကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက ရှင်ငယ်ရွာသစ်ကျေးရွာနှင့် သဲဖြူကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ဆောင်ရွက်ပြီးစီးသည့် လမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ရှင်ငယ်ရွာသစ်ကျေးရွာ၌မြေနီကျောက်စရစ်လမ်းအရှည်ပေ ၁၆၈၀၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀ ဖြင့်လည်းကောင်း၊ သဲဖြူကျေးရွာ၌ မြေနီကျောက်စရစ်လမ်းအရှည်ပေ ၂၀၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၂၀ ဖြင့်လည်းကောင်း ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ အလှူရှင် ဦးအောင်ထက်-ဒေါ်ရွှေဝါ မောင်နှမများက ဒေါ်စန်းသီအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၁၉၆၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၁၉၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၁၉၆၄ ဧကကို ဇွန်လ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်အတွင်း မိုးစပါးတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် အဓိကကတော့ တောင်သူတွေနဲ့ သက်ဆိုင်ရာဦးစီးဌာနတို့ပူးပေါင်းလုပ်ဆောင်နေပါတယ်။ မိုးစပါးတွေကို လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာတွေကိုလဲ စပါးမစိုက်ခင် မြေပြင်ထိ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ ပတ်သက်ပြီးတော့လဲ တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ ရွှေခရုကျရောက်တာနည်းပါတယ်။ ဒါပေမဲ့လဲ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အသိပညာပေးလုပ်ငန်းတွေကိုတော့လုပ်ဆောင်ပေးနေတယ်။ မိုးစပါးတွေကို လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၁၉၆၄ ဧကကို အိမ်မဲမြို့နယ်တွင် ဧက ၁၄၇၀၁၀၊ မြောင်းမြမြို့နယ်တွင် ၁၆၅၇၄၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၂၁၃၂၁၆ ဧက စုစုပေါင်း မိုးစပါး ၅၂၁၉၆၄ ဧကစိုက်ပျိုးမည်ဖြစ်ပြီး ဆင်းသုခ၊ ရောမင်း၊ ရောပဒေသာ၊ မနောသုခ GW 11၊ GW 1၊ ပေါ်ဆန်းမွှေး၊ ပခမ်း၊ သီးထပ်ရင်၊ နံ့ကား၊ ကျားပျံစသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် မန်လွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဇွန် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် မိုင်းပတ်ကျေးရွာအုပ်စု မန်လွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက်နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် မန်လွယ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ပြောပြ၍ သိရသည်။

**နံ့လာ**

# သံတောင်ကြီးမြို့နယ် မာဒေးကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်း စစ်ဆေး

**သံတောင်ကြီး ဇွန် ၁၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ဇွန် ၁၂ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မာဒေးကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၂၄၇၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀၈ သိန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၂၀ ဒသမ ဝ၄ သိန်း စုစုပေါင်း ငွေကျပ် ၁၂၈ ဒသမ ဝ၄ သိန်း အသုံးပြုပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၂၃၄ ဦးတို့အတွက် အချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သုသု**



# မော်လမြိုင်မြို့နှင့် စိန်တုံးမိဖုရားကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ နှစ်ပေါင်း ၁၃၃ နှစ် ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်တွင် ဘုရင်များနှင့် မိဖုရားများသည် သာသနိကအဆောက်အအုံများစွာကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ၎င်းတို့အနက် အင်းဝမြို့ဟောင်းရှိ မယ်နုအုတ်ကျောင်းသည် အထင်ရှားဆုံးဖြစ်ဖွယ်ရှိသည်။ ရတနာပုံခေတ်တွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ နန်းစံခဲ့ပြီးနောက် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ထိုအချိန်တွင် မင်းတုန်းမင်း၏မိဖုရားများနှင့် ဆွေတော်မျိုးတော်များသည် နေရာဒေသအသီးသီးသို့ တိမ်းရှောင်ခဲ့ကြရသည်။ ထိုသို့ တိမ်းရှောင်နေစဉ် မော်လမြိုင်မြို့တွင် စိန်တုံးမိဖုရားနေထိုင်ခဲ့သည့် ရတနာဘုံမြင့်ကျောင်းသည် အလွန်ထင်ရှားခဲ့ပေသည်။

**မော်လမြိုင်မြို့၏နောက်ခံ**

မွန်ပြည်နယ်၏မြို့တော်ဖြစ်သည့် မော်လမြိုင်မြို့သည် သံလွင်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မှတ်တမ်းအရ ယခု မော်လမြိုင်မြို့သည် ဒုတိယမော်လမြိုင်ဖြစ်၍ ပထမမော်လမြိုင်ကို သာသနာသက္ကရာဇ် ၁၅၇ ခုနှစ်တွင် ရာမညရာဇာမင်းက သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် သောင်းရင်းမြစ်တို့ဆုံသည့်နေရာတွင် တည်ခဲ့သည်ဟု ဆိုသည်။

လက်ရှိ မော်လမြိုင်မြို့နယ်သည် အရှေ့အနောက်ခုနစ်မိုင်နှင့် တောင်မြောက် ၁၇ မိုင်ရှည်လျားကာ ၈၈ ဒသမ ၈၂ စတုရန်းမိုင်ကျယ်ဝန်းသည်။ မော်လမြိုင်မြို့နယ်သည် အရှေ့ဘက်တွင် ကျိုက်မရောမြို့နယ်၊ အနောက်ဘက်တွင် ချောင်းဆုံမြို့နယ်၊ တောင်ဘက်တွင် မုဒုံမြို့နယ်နှင့် မြောက်ဘက်တွင် ဘားအံမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေကာ မြို့နယ်တည်နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၈ ပေသာ မြင့်သည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ဒေသမှလူများသည် မော်လမြိုင်ဒေသသို့ ရောက်ရှိလာခဲ့ရာ ၁၈၂၆ ခုနှစ်တွင် မော်လမြိုင်မြို့တွင် လူဦးရေ ၁၄၀၀၀ ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် မော်လမြိုင်မြို့နယ်တွင် လူဦးရေ ၂၇၁၆၁၉ ဦး နေထိုင်လျက်ရှိသည်။

မော်လမြိုင်သည် တနင်္သာရီကမ်းရိုးတန်းပေါ်ရှိ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သဖြင့် ရေကြောင်းသွားလာပို့ဆောင်မှုများမှတစ်ဆင့် ပြည်ပနိုင်ငံသားများသည် မော်လမြိုင်မြို့သို့ရောက်ရှိလာခဲ့ကြသည်။ ဒေသနေ မွန်လူမျိုးအများစုသည် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြကာ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းယူပြီးနောက်ပိုင်းတွင် မော်လမြိုင်ဒေသ၌ ခရစ်ယာန်ဘာသာကိုးကွယ်မှုများရှိလာခဲ့သည်။ ထို့အတူ မော်လမြိုင်သို့ ရောက်ရှိလာသည့်အိန္ဒိယနိုင်ငံသားများမှတစ်ဆင့် ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာကိုးကွယ်မှုများလည်း ရှိလာခဲ့သည်။ ထို့ကြောင့် မော်လမြိုင်မြို့နယ်တွင် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ပေါ်ထွန်းလာခဲ့ရာ လက်ရှိအချိန်တွင် ဘုန်းကြီးကျောင်း ၄၀၃ ကျောင်း၊ သီလရှင်ကျောင်း ၅၈ ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း ၁၁ ကျောင်း၊ အစ္စလာမ်ဘာသာရေးအဆောက်အအုံ ၃၅ ခု၊ ဟိန္ဒူဘုရားကျောင်း ၇၅ ကျောင်းနှင့် တရုတ်ဘုရားကျောင်း ၂၅ ကျောင်း တည်ရှိနေသည်။

**မော်လမြိုင်မြို့မှ ကိုလိုနီခေတ်အဆောက်အအုံများ**

မော်လမြိုင်မြို့သည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (ခရစ်နှစ် ၁၈၂၄-၁၈၂၆)အပြီးတွင် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် ကိုလိုနီခေတ်အဆောက်အအုံများကို တည်ဆောက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ထိ မော်လမြိုင်မြို့၌ တည်ဆောက်ခဲ့သည့်အဆောက်အအုံများတွင် ဘုန်းကြီးကျောင်း၊ သိမ်၊ ဇရပ်၊ ခရစ်ယာန်ဘုရားကျောင်း၊ ဟိန္ဒူဘုရားကျောင်း၊ တရုတ်ဘုံကျောင်း၊ ဗလီ၊ အစိုးရရုံး၊ ဆေးရုံ၊ နာရီစင်၊ စာသင်ကျောင်း၊ အားကစားရုံ၊ တက္ကသိုလ်သင်တန်းကျောင်း၊ ဟိုတယ်နှင့်လူနေအိမ် စသည်တို့ပါဝင်ခဲ့သည်။ အဆိုပါအဆောက်အအုံများတွင် ရတနာဘုံမြင့်ကျောင်းဟုထင်ရှားသည့် စိန်တုံးမိဖုရားကျောင်းသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။

**စိန်တုံးမိဖုရား**

မင်းတုန်းမင်း၏မိဖုရားများအနက် သီရိပဝရတနာဒေဝီဘွဲ့ခံ စိန်တုံးမိဖုရားသည် မင်းတုန်းမင်း၏ တစ်ဝမ်းကွဲနှမတော်ဖြစ်၍ မင်းတုန်းမင်းနှင့် သားသမီးမထွန်းကားခဲ့ချေ။ စိန်တုံးမင်းသမီးသည် စလေမြို့နှင့် တလုတ်မြို့ကို စားရကာ သင်္ဃာဆရာတော်နှင့် ဝဇီရာရာမဆရာတော်တို့၏ ကျောင်းအမဖြစ်သည်။

မင်းတုန်းမင်းသည် ခရစ်နှစ် ၁၈၇၈ ခုနှစ်တွင် နတ်ရွာစံခဲ့ပြီးနောက် စိန်တုံးမိဖုရားသည် ခေတ္တအကျဉ်းပဋ္ဌာန်းသံတန်ဆောင်းနှင့် ကျိုက်သလ္လံစေတီ၏မြောက်ဘက်ရှိ မဟာမြတ်မုနိဘုရားတို့ကို လှူဒါန်းခဲ့သည်။

မင်းတုန်းမင်းနတ်ရွာစံပြီးနောက် စိန်တုံးမိဖုရားသည် အကျဉ်းကျခံနေရစဉ် မင်းတုန်းမင်း၏ မင်းဆရာဖြစ်သော ဝဇီရာရာမဆရာတော်က မိဖုရားကြီးကို အကျဉ်းမှလွတ်မြောက်စေရန် သီပေါဘုရင်ထံမှ အလျှုခံခဲ့သည်။ အကျဉ်းမှလွတ်မြောက်ချိန်တွင် မိဖုရားကြီးသည် နန်းတွင်း၌ နေထိုင်ခွင့်မရတော့သဖြင့် မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ စိန်တုံးမိဖုရားကြီး မော်လမြိုင်သို့ ရောက်ရှိလာချိန်တွင် ဒေါ်ရွှေပွင့်သည် ရတနာဘုံမြင့်ကျောင်းတော်ကို ဆောက်လုပ်နေချိန်ဖြစ်သည်။

ပိဋကပညာကိုတတ်ကျွမ်းသော ဝဇီရာရာမဆရာတော်နှင့် နန်းဓလေ့တွင်ကျွမ်းဝင်သော စိန်တုံးမိဖုရားတို့သည် ရတနာဘုံမြင့်ကျောင်းတည်ဆောက်ရေးတွင် အကြံပေးလမ်းညွှန်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒေါ်ရွှေပွင့်ဆောက်လုပ်လှူဒါန်းသော ရတနာဘုံမြင့်ကျောင်းကို ဝဇီရာရာမဆရာတော်က အလှူခံတော်မူခဲ့ပြီး စိန်တုံးမိဖုရားကြီးသည် သက်ထက်ဆုံးတိုင် ရတနာဘုံမြင့်ကျောင်း၌ ဥပုသ်သီလခံယူကာ ဝဇီရာရာမဆရာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်။ ရတနာဘုံမြင့်ကျောင်းသည် (၁၈၈၆ ခုနှစ်တွင် တည်ဆောက်ခဲ့သဖြင့်) ယခုအချိန်တွင် သက်တမ်း နှစ် ၁၄၀ ခန့်ရှိပြီဖြစ်သည်။



မော်လမြိုင်မြို့ရှိ ရတနာဘုံမြင့်ကျောင်းခေါ် စိန်တုံးမိဖုရားကျောင်းကို တွေ့ရစဉ်။

စိန်တုံးမိဖုရား၏မောင်တော် တပယ်မင်းသားမောင်ဘမှာမူ ၁၈၇၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မြောက်ဥယျာဉ်တော်အတွင်း၌ အခြားမင်းသားများနှင့်အတူ စီရင်ဖျောက်ဖျက်ခြင်းခံခဲ့ရသည်။

စိန်တုံးမိဖုရားသည် အကျဉ်းမှလွတ်မြောက်ခဲ့ပြီးနောက် မော်လမြိုင်သို့ပြောင်းရွှေ့၍ သာယာကုန်းရပ်တွင် မြေနေရာဝယ်ယူကာ နေထိုင်ခဲ့သည်။ ဗြိတိသျှအစိုးရက စိန်တုံးမိဖုရားကို ထောက်ပံ့ငွေ တစ်လလျှင်ငွေကျပ် ၁၅၀ ပေးခဲ့သည်။ စိန်တုံးမိဖုရားသည် ဘဝနောက်ဆုံးအချိန်နီးကပ်လာချိန်တွင် သီလရှင်ဝတ်ခဲ့ပြီးနောက် ၁၉၀၅ ခုနှစ် မတ်လတွင် မော်လမြိုင်မြို့၌ ကံကုန်ခဲ့သည်။ မိဖုရားကြီးသည် မကွယ်လွန်မီကပင် မိမိပိုင် အရှေ့အနောက် ၁၅၇ တောင်၊ တောင်မြောက် ၁၁၄ တောင်ကျယ်ဝန်းသည့်မြေပေါ်ရှိ အပင်များမှ ရရှိသောငွေကြေးများကို သင်္ဃာဆရာတော်ကြီး၏ ပြာသာဒ်စေတီ၊ ရတနာဘုံမြင့်ကျောင်းနှင့် အိမ်တော်ရာကျောင်းတွင် သီတင်းသုံးနေကြသည့် ရဟန်းသံဃာတော်များ၏ ပစ္စည်းလေးပါးအတွက် လှူဒါန်းခဲ့သည်။

**ရတနာဘုံမြင့်ကျောင်း(စိန်တုံးမိဖုရားကျောင်း)**

ရတနာဘုံမြင့်ကျောင်းသည် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းနှင့် ကျိုက်သလ္လံဘုရားလမ်းဆုံ (ကျိုက်သလ္လံဘုရား၏တောင်ဘက်မုခ်)တွင် တည်ရှိသည်။ ရတနာဘုံမြင့်ကျောင်း(စိန်တုံးမိဖုရားကျောင်း)ကို အလှူ့ဒါယိကာမ သစ်ကုန်သည် ဒေါ်ရွှေပွင့်က ၁၈၈၆ ခုနှစ်တွင် "ပညာသာမိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဦးပညာသီရိ(ဝဇီရာရာမဆရာတော်)အား ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဒေါ်ရွှေပွင့်သည် ရတနာဘုံမြင့်ကျောင်းတိုက်အပြင် မော်လမြိုင်မြို့တွင် ရွှေတောင်ကျောင်းတိုက်ကျိုက်သလ္လံဘုရားတွင် ကြေးချိန် ၂၂၈၄ ပိဿာရှိသည့် ကြေးခေါင်းလောင်း၊ ကျောက်တန်းကျောင်းတိုက်၊ ကျိုက်သလ္လံစေတီအရှေ့တောင်ထောင့် ရင်ပြင်ပေါ်တွင် ပဋ္ဌာန်းသံတန်ဆောင်းနှင့် ကျိုက်သလ္လံစေတီ၏မြောက်ဘက်ရှိ မဟာမြတ်မုနိဘုရားတို့ကို လှူဒါန်းခဲ့သည်။

**ရတနာဘုံမြင့်ကျောင်းဗိသုကာလက်ရာများ**

ရတနာဘုံမြင့်ကျောင်းသည် မြောက်ဘက်သို့ မျက်နှာမူထား၍ ပန္နက်ပုံသည့် စတုရန်းပုံဖြစ်သည်။ ကျောင်းအဆောက်အအုံကို အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားကာ ဗိသုကာဟန်သည် ဥရောပဟန်ဖြစ်သော်လည်း အတွင်းပိုင်းကို မြန်မာမှုဗိသုကာလက်ရာများဖြင့် တန်ဆာဆင်ထားသည်။

အုတ်ပန္နက်အမြင့်ပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံ၏ပင်မဆောင်တွင် အုတ်တိုင်အများအပြားပါရှိကာ အုတ်တိုင်များကို စဥ့်ရည်သုတ်၍ လေးထောင့်အရစ်ပါ တိုင်ထိပ်ဖုံးနှင့်အောက်ခြေဖုံးများဖြင့် အလှဆင်ထားသည်။

ရတနာဘုံမြင့်ကျောင်းတွင် မြန်မာရှေးဘုန်းတော်ကြီးကျောင်းများတည်ဆောက်သည့်ဟန်အတိုင်း စနုဆောင်၊ ပြာသာဒ်ဆောင်၊ ဘောဂဆောင်နှင့်စမြင်ဆောင်တို့ပါရှိသည်။ တံခါးပေါက် ၂၈ ပေါက်နှင့် ပြတင်းပေါက် ၄၀ ပါရှိသည့် ရတနာဘုံမြင့်ကျောင်း၏ တံခါးပေါက်တိုင်းကို ရုပ်ကြွများဖြင့်တန်ဆာဆင်ထားသည်။ ပြတင်းပေါက်တံခါးများသည် နှစ်ရွက်ဖွင့်နှစ်ဆင့်တံခါးများဖြစ်၍ အောက်ဆင့်တံခါးရွက်သည် သစ်သားတံခါးဖြစ်၍ အပေါ်ဆင့်သည် သစ်သားပေါင်ကွပ်ထားသည့် မှန်တံခါးရွက်များဖြစ်သည်။ ပြတင်းပေါက်အထက်ပိုင်းစက်ဝိုင်းခြမ်းနေရာကို ဥရောပဟန်အတိုင်း ရောင်စုံမှန်များတပ်ဆင်ထားသည်။

ရတနာဘုံမြင့်ကျောင်းတွင် ဆောင်မကြီးသို့တက်ရန် သရက်ကင်းလှေကားသုံးစင်းတပ်ဆင်ထားသည်။ လှေကားနှစ်စင်းတွင် အမိုးလေးဆင့် ပြာသာဒ်တပ်ဆင်ထားသည်။ ကျောင်းအမိုးသည် လေးဖက်ချွန်းအမိုးဖြစ်၍ ဆေးအနီရောင်သုတ်ထားသည်။ အမိုးပြာသာဒ်ကို ဆောင်မကြီး၏နံရံလေးဖက်ပေါ်တွင် အမှီပြုထား၍ အတွင်းမှလည်း သစ်သားထောက်များ ထောက်ထားသည်။ ဆောင်မကြီးအတွင်းရှိ သစ်သားတိုင်များအနက် အမိုးပြာသာဒ်ကိုထောက်မထားသည့် တိုင်များတွင် မှန်စီရွှေချတိုင်ဖုံးများအုပ်ထားကာ အချို့တိုင်များကို မျက်နှာကြက်နေရာနှင့် ထိနေသည့်နေရာတွင် ပန်းပုရုပ်များတပ်ဆင်ထားသည်။

ရတနာဘုံမြင့်ကျောင်းအဆောင်အားလုံးတွင် သစ်သားမျက်နှာကြက်များတပ်ဆင်ထားကာ လေးထောင့်အကွက်များပုံဖော်၍ အနီရောင်ရွှေပိန်းများ ချထားသည်။ အမိုးလည်ပေါ်အောက်ဆုံးဆင့်တွင် အလင်းရောင်ဝင်ရန် လေးဖက်လုံးကို အဝိုင်းပေါက်များဖောက်၍ ရောင်စုံမှန်များတပ်ဆင်ထားသည်။ ကျောင်းအဆောက်အအုံ၏အမိုးကို အတွင်းပိုင်းတွင် သစ်သားထုပ်တန်းများဖြင့် ကျားကန်ထားသည်။

ရတနာဘုံမြင့်ကျောင်း၏ ဆောင်မကြီး၊ မာရဘင်တွင် ဝိဓူရဇာတ်တော်တွင်ပါရှိသည့် ဝိဓူရအမတ်နှင့် ပုဏ္ဏက ဘီလူးတို့ နဂါးပြည်အပြန်ခရီးလမ်းကို သရုပ်ဖော် ထုလုပ်ထားသည်။ ဝင်ပေါက်လက်ဝဲဘက်တွင် ပုဏ္ဏကဘီလူးက ဝိဓူရအမတ်ကို မြင်းမြီးတွင်ချည်ပြီး တောင်စဉ်ခုနစ်ထပ်သို့ ဆွဲသွားပုံကိုလည်းကောင်း၊ လက်ယာဘက်တွင် ဝိဓူရအမတ်က ပုဏ္ဏက ဘီလူးကို တရားဟောနေပုံကိုလည်းကောင်း၊ အပေါ်ထိပ်တွင် ပုဏ္ဏကဘီလူးက ဝိဓူရအမတ်အား တွန်းချမည်ပြုရာတွင် တောင်အောက်မှ ရုက္ခစိုးက ဖမ်းရန်ဟန်ပြင်နေသည့်ပုံကိုလည်းကောင်း ရုပ်ကြွများဖြင့် အလှဆင်ထားသည်။ ပြာသာဒ်ဆောင်နှင့် စနုဆောင်ကို လှေကားငယ်သုံးထစ်ဖြင့်ဆက်သွယ်ထားကာ ပြာသာဒ်ဆောင်နှင့်စနုဆောင်သည် အကျယ်အဝန်းတူညီသည်။

ရတနာဘုံမြင့်ကျောင်း၏ အတွင်းပိုင်းသည် နန်းတော်ခန်းမတစ်ခုနှင့်တူညီ၍ များစွာသောပန်းပုလက်ရာများနှင့်အတူ မြန်မာမှုဗိသုကာလက်ရာများကို လေ့လာနိုင်ကြပေသည်။

စိန်တုံးမိဖုရားနေထိုင်ခဲ့သဖြင့် စိန်တုံးမိဖုရားကျောင်းဟုလည်းထင်ရှားသည့် ရတနာဘုံမြင့်ကျောင်းသည် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံတစ်ခုဖြစ်သော်လည်း မြန်မာမှုလက်ရာများဖြင့် အလှဆင်ထားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်ပေသည်။

မော်လမြိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များတွင် မော်လမြိုင်မြို့နယ်ရှိ သမိုင်းဝင်ထင်ရှားသော အဆောက်အအုံများစာရင်းတွင် ကော့နှတ်ကျေးရွာရှိ ဦးနာအောက်တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများနှင့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ ရတနာဘုံမြင့်ကျောင်းတို့ကို ဖော်ပြထားသည်။

ယခုအချိန်တွင် သက်တမ်းနှစ် ၁၄၀ ခန့်ရှိပြီဖြစ်သည့် ရတနာဘုံမြင့်ကျောင်းသည် ထိန်းသိမ်းမှုကောင်းမွန်ခဲ့သဖြင့် မူလလက်ရာအတိုင်း ကျန်ရှိနေဆဲဖြစ်သည်။ ထို့အတူ တစ်ချိန်က တော်ဝင်မိဖုရားတစ်ပါးနေထိုင်ခဲ့သည့် သမိုင်းဝင်အဆောက်အအုံတစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပခရီးသွားများကြားတွင် ထင်ရှားခဲ့ပေသည်။


**ကိုးကား**

- မော်လမြိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
- နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်တဲ့ စိန်တုံးမိဖုရားကျောင်း(ဧနေလင်း၊ မော်လမြိုင်)
- မော်လမြိုင်မြို့ရှိ ကိုလိုနီအဆောက်အအုံများ လေ့လာချက်စာတမ်း(မောင်မောင်လွင်)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အင်အား

- အင်အားအရာ
  ထင်ရှားစွာ တည်ဆောက်၊
  မိုးထိအောင် တောင်ပြာမှိုင်း
  မှန်တိုင်းမကြောက်။

- အင်အားအရာ
  ထင်ရှားစွာ တည်ဆောက်၊
  အပြောကျယ် ပင်လယ်ကြီး
  မီးဘေးမကြောက်။

- အင်အားအရာ
  ထင်ရှားစွာ တည်ဆောက်၊
  ဘယ်သူဖျက်စေတော့
  လင်းလက်ဖြာ ပုံရိပ်လွှာနဲ့
  ဂုဏ်သိက္ခာ ကိုယ့်သမိုင်း
  မရှိုင်းမပျောက်။ ။

**ချစ်စုအောင်**

# ဖောင်းပြင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၅၄၅၁၃ ဧက စိုက်ပျိုးမည်

**မော်လိုက် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၅၄၅၁၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် မိုးစပါး ၅၄၅၁၃ ဧက လျာထားစိုက်ပျိုးခဲ့ကြရာ မိုးစပါး ၅၄၅၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် မိုးစပါး ၅၄၅၁၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က မိုးစပါးစိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

"မနှစ်ကတော့ ဖောင်းပြင်မြို့နယ်မှာ မိုးစပါးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးစပါးဧက ၅၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါးဧက လျာထားချက်ထက် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးကြဖို့၊ စိုက်ပျိုးနည်းစနစ်တွေမှန်ကန်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ်တွင် ဖောင်းပြင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် လျာထားသည့်မျိုးများမှာ ဆင်းဧကရီ(၃) ၁၉၃၅၂ ဧက၊ ရောမင်း ဧက ၁၉၉၈၀၊ မော်ဘီ(၂) ၃၆၂၅ ဧက၊ ရွက်သေး ဧက ၁၁၅၀၊ သုခရင် ၈၅၈၉ ဧက၊ ကောက်ညှင်း ၁၈၁၇ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် ထွန်ယက်ခြင်းလုပ်ငန်းများကို ယခုစတင်ဆောင်ရွက်နေပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်၊ အခြား ဆည်ကန်ရေတို့အသုံးပြု၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ ပျိုးထောင်နည်း လက်တွေ့ပြသခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကဝမြို့နယ် ဂွကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ဂွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄၅ သိန်းဖြင့် ကျေးရွာတွင်းဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ဂဝံလမ်းအရှည်ပေ ၁၁၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၄၅ သိန်းဖြင့် ကျေးရွာပြည်သူများက လုပ်အားထည့်ဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဂွကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာရှိ အိမ်ခြေ ၁၉၀ အိမ်၊ လူဦးရေ ၇၈၉ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟိုပုံး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးစိုးလွင်မြင့်၊ စီမံကိန်းတာဝန်ခံနှင့်တာဝန်ရှိသူများက ကျောက္ကချားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၄ သိန်းထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးနိုင်ခဲ့ကာ စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**ချိုသန်းညွန့်**



## နိုင်ငံတကာ သတင်းများ

# နှစ်နိုင်ငံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ရုရှားသမ္မတကို တောင်းဆို



**ပြုံယမ်း ဇွန် ၁၃**

ရုရှားသမ္မတပူတင်နှင့်လက်တွဲဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဘုံရည်မှန်းချက်များအတွက် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကတိပြုထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ရုရှား အမျိုးသားနေ့အတွက် ပေးပို့ခဲ့သောသဝဏ်လွှာ၌ ကင်ဂျုံအန်က အဆိုပါအတိုင်း ကတိပြုထားခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

တရားမျှတမှုသည်သာ အဆုံးတွင်အနိုင်ရမည်ဖြစ်ကြောင်း၊ ရုရှားပြည်သူများအနေဖြင့်လည်း အမျိုးသားအောင်ပွဲသမိုင်း ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်လိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏သဝဏ်လွှာ၌ ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံပြည်သူတို့၏ဘုံရည်မှန်းချက်ဖြစ်သည့် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံများအဖြစ်ရပ်တည်ရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်လည်း မြောက်ကိုရီးယားခေါင်းဆောင်က တောင်းဆိုခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

လက်ရှိဖြစ်ပွားနေဆဲ ယူကရိန်းပြဿနာတွင်လည်း မြောက်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံဘက်က ထောက်ခံ ရပ်တည်ထားကြောင်း သိရသည်။ KKO

# ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် တရုတ်နိုင်ငံ ခရီးစဉ်စတင်

**ပေကျင်း ဇွန် ၁၃**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ယနေ့တွင် တရုတ်နိုင်ငံခရီးစဉ်ကို စတင်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံရေးအခင်းအကျင်း၌ ပိုမိုနေရာယူရန် တရုတ်နိုင်ငံက ကြိုးပမ်းနေချိန်၊ စွမ်းအင်အရင်းအမြစ်များ ရယူရေးအတွက် ကြိုးစားနေချိန်တွင်ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တရုတ်နိုင်ငံခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အစ္စရေးအစိုးရနှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့ကြား ဆက်ဆံရေးပြန်လည်ပြေလည်လာစေရေးအတွက် ကြားဝင်ပေးရန် ဆန္ဒရှိကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးအစိုးရနှင့် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့တို့ကြား ဆက်ဆံရေးမှာ ပြီးခဲ့သည့်နှစ်များအတွင်း အဆိုးရွားဆုံးအဆင့်သို့ ကျရောက်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ်အတွင်း အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား တိုက်ခိုက်မှုများမြင့်တက်လာခဲ့ရာ အနောက်ဘက်ကမ်းဒေသအတွက် အကြမ်းဖက်တိုက်ခိုက်မှုများ အပြင်းထန်ဆုံးကာလတစ်ရပ်ဖြစ်ခဲ့ရသည်။

လေးရက်ကြာ တရုတ်ခရီးစဉ်အတွင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အနေဖြင့်ပေကျင်းမြို့၌ မည်သူနှင့်တွေ့ဆုံရန် စီစဉ်ထားသည်ကို မသိရသေးကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့်အရှေ့အလယ်ပိုင်း ဒေသတွင်း ပြိုင်ဘက်နိုင်ငံများ ဖြစ်ကြသည့် အီရန်နှင့် ဆော်ဒီအာရေဗျတို့ကြား သံတမန်ဆက်ဆံရေးပြန်လည်ထားရှိနိုင်ခဲ့ပြီးနောက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# ယူကရိန်းစစ်မြေပြင်၌ သိမ်းယူနိုင်ခဲ့သည့် တင့်ကားနှင့်သံချပ်ကာယာဉ်များဗီဒီယိုဖိုင် ရုရှားစစ်ဘက်ထုတ်လွှင့်

**မော်စကို ဇွန် ၁၃**

ယူကရိန်းစစ်မြေပြင်၌လက်ဝယ်သိမ်းယူနိုင်ခဲ့သော ဂျာမနီနိုင်ငံထုတ် လက်ပက်တင့်ကားများနှင့် အမေရိကန်ဘရက်ဒလေအမျိုးအစားသံချပ်ကာယာဉ်များ၏ ဗီဒီယိုဖိုင်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်လွှင့်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရုပ်သံ ဗီဒီယိုဖိုင်ကို ယူကရိန်းတောင်ပိုင်း ဇာပိုရစ်ဇီယာစစ်မြေပြင်၌ ရိုက်ကူးထားခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

အဆိုပါဒေသသည် ယူကရိန်းတပ်များက တန်ပြန်ထိုးစစ်ဆင်ရန် ကြိုးစားနေသော ဒေသဖြစ်ပြီး လက်ရှိသိမ်းယူနိုင်ခဲ့သည့် စစ်သုံးယာဉ်များအနက် အချို့ယာဉ်များမှာ စက်ဖွင့်ထားဆဲဖြစ်ရာ ယူကရိန်းတပ်ဖွဲ့ဝင်များအနေဖြင့် အပြေးအလွှားဆုတ်ခွာသွားသည့်သဘောဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

ယူကရိန်းနိုင်ငံသည် ရုရှားထိန်းချုပ်မှုအောက်တွင်ရှိနေသော ယူကရိန်းအရှေ့ပိုင်းနှင့်တောင်ပိုင်းနယ်မြေများကို ပြန်လည်ရယူရေးအတွက် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တန်ပြန်ထိုးစစ်တစ်ရပ် စတင်ခဲ့သည်။

လက်ရှိအချိန်တွင် ဒွန်းနက်ခ်ဒေသနှင့် ဇာပိုရစ်ဇီယာဒေသတို့၌ တိုက်ပွဲများ ပြင်းထန်နေကြောင်း သိရသည်။ KKO

# အရှေ့တရုတ်ပင်လယ်ရေပြင်အတွင်း ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှု တရုတ်နိုင်ငံပြုလုပ်

**ပေကျင်း ဇွန် ၁၃**

တရုတ်(တိုင်ပေ) မြောက်ဘက် အရှေ့တရုတ်ပင်လယ်ရေပြင်အတွင်း၌ စစ်သင်္ဘောများ၏ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ အပါအဝင် စစ်ရေးလေ့ကျင့်မှုများကို တရုတ်နိုင်ငံကယနေ့တွင်ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွက် ကျိကျန်းပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်တစ်နေရာကို ယနေ့နံနက်ပိုင်းမှ နေ့လယ်ပိုင်းထိ ရေယာဉ်မဝင်ရဇုန်အဖြစ် တရုတ်အစိုးရပင်လယ်ရေကြောင်းလုံခြုံရေး ဗျူရိုကသတ်မှတ်ကြေညာထားသည်။

တရုတ်နိုင်ငံသည် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို တာချန်းအမည်ရှိ ကျွန်းစုအနီးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တာချန်းကျွန်းစုသည် တရုတ်(တိုင်ပေ)က ၁၉၅၅ ခုနှစ်ထိ ထိန်းချုပ်ခဲ့ပြီး တရုတ်တပ်များက အနီးအနားရှိ ကျွန်းစုများကို သိမ်းပိုက်ချိန်တွင် စွန့်လွှတ်ခဲ့ရသော ကျွန်းစုဖြစ်သည်။

တရုတ်နိုင်ငံ၏ အရှေ့တရုတ်ပင်လယ်ဒေသ စစ်ရေးလေ့ကျင့်မှုပြုလုပ်ချိန်တွင် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များက အနောက်ပစိဖိတ်ဒေသ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

အမေရိကန်၊ ဂျပန်၊ ကနေဒါနှင့်ပြင်သစ်ရေတပ်တို့မှစစ်သင်္ဘောများနှင့် စစ်လေယာဉ်များသည် အနောက်ပစိဖိတ်ဒေသ ဖိလစ်ပိုင်ပင်လယ်ရေပြင်အတွင်း ဇွန် ၉ ရက်မှစ၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

KKO

# ပင်လယ်နီရေပြင်အတွင်း သင်္ဘောတစ်စီးမီးလောင်မှုဖြစ်ပွား ဗြိတိန်ကမ္ဘာလှည့်ခရီးသည် သုံးဦးသေဆုံး

**ကိုင်ရို ဇွန် ၁၃**

အီဂျစ်နိုင်ငံ ပင်လယ်နီရေပြင်အတွင်း၌ ဇွန် ၁၁ ရက်က သင်္ဘောတစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဗြိတိန်ကမ္ဘာလှည့်ခရီးသည် သုံးဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




ဟာရီကိန်းအမည်ရှိ အဆိုပါသင်္ဘောသည် အီဂျစ်နိုင်ငံ အရှေ့တောင်ပိုင်း မာဆာအလမ်မြို့ကမ်းလွန်ရှိ အယ်လ်ဖင်စတုန်းသန္တာကျွန်းအနီး ရောက်ရှိနေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သင်္ဘော မီးလောင်မှုကြောင့် ဗြိတိန်ကမ္ဘာလှည့်ခရီးသည် သုံးဦးသေဆုံးခဲ့ရပြီး ကျန်ခရီးသည် ၁၂ ဦးနှင့် ရေယာဉ်ဝန်ထမ်း ၁၄ ဦးတို့ကို အီဂျစ်ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်နိုင်ခဲ့သည်။

လျှပ်စစ်ဝိုင်ယာကြိုး ပြဿနာတစ်ရပ်ကြောင့် ဟာရီကိန်းသင်္ဘောမီးလောင်မှုစတင်ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။


ဟာရီကိန်း သင်္ဘောပေါ်တွင် လိုက်ပါလာသူများသည် အားလပ်ရက်ကာလ ရေငုပ်ခရီးစဉ်များအတွက် လိုက်ပါလာသူများဖြစ်ကြောင်း သိရသည်။

ဟာရီကိန်းသင်္ဘောမီးလောင်မှုအကြောင်းရင်းကို အပြည့်အဝ စုံစမ်းစစ်ဆေးမည် ဖြစ်သည်ဟု အီဂျစ်တာဝန်ရှိသူများကပြောကြားထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လပတ်လမ်းပေါ်၌နေရာယူမည့် အာကာသရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် တရုတ်နိုင်ငံ ရည်ရွယ်ထား



**ပေကျင်း ဇွန် ၁၃**

လပတ်လမ်းပေါ်၌ နေရာယူမည့် အာကာသရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် တရုတ်နိုင်ငံက ရည်ရွယ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ၏ လပတ်လမ်းအခြေစိုက် အာကာသရေဒီယိုတယ်လီစကုပ်စနစ်ကို မိခင်ဂြိုဟ်တုတစ်စင်း၊ အသေးစားဂြိုဟ်တုငယ်ရှစ်စင်းတို့ဖြင့် ဖွဲ့စည်းထားမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်စနစ်တွင် ဂြိုဟ်တုငယ်ရှစ်စင်းက စကြဝဠာရေဒီယိုစွမ်းအင်လှိုင်းများကို ရှာဖွေဖမ်းယူပေးမည်ဖြစ်ပြီး မိခင်ဂြိုဟ်တုက ရရှိသည့် သတင်းအချက်အလက်များကို ဆန်းစစ်၍ ကမ္ဘာမြေဆီသို့ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါလပတ်လမ်းအခြေစိုက်ရေဒီယိုတယ်လီစကုပ် စနစ်သည် စကြဝဠာ ခေတ်ဦးပိုင်းကာလကို လေ့လာရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

လက်တွေ့သဘောအရ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုကို လမျက်နှာပြင်ပေါ် တည်ဆောက်ရသည်ထက် လပတ်လမ်းပေါ်တွင် ထားရှိမှုက ပို၍ဖြစ်နိုင်ခြေရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဟောင်းမင်းအာကာသရေဒီယိုတယ်လီစကုပ်စနစ်ဟူ၍ အမည်ပေးထားသည့် အထက်ပါ တယ်လီစကုပ်စနစ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်နိုင်ဖွယ်ရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO


## မာကျောလာပြီး ပုံဆောင်ခဲအဖြစ်သို့ပြောင်းလဲနေသော အဖြူရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ ဇွန် ၁၃**

တဖြည်းဖြည်းမာကျောလာပြီး ပုံဆောင်ခဲအဖြစ်သို့ ပြောင်းလဲနေသော ချူကလီးယားလောင်စာကုန် အဖြူရောင် ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Science Alert သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အခြေခံအားဖြင့် ကာဗွန်နှင့် အောက်ဆီဂျင်ဒြပ်စင်များဖြင့် ဖွဲ့စည်းထားသော အဆိုပါကြယ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၀၄ နှစ်အကွာတွင်တည်ရှိကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါကြယ်၏ အပူချိန်နှင့်ဒြပ်ထုတို့အရ ကြယ်၏ဗဟိုချက်သည် ကာဗွန်ပုံဆောင်ခဲ၊ အောက်ဆီဂျင်ပုံဆောင်ခဲများဖြင့် ဖွဲ့စည်းထားသော မာကျောသည့်ပုံဆောင်ခဲကြီးအဖြစ် အသွင်ပြောင်းလဲနေသည်ကိုတွေ့ရကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။



စကြဝဠာစိန်ပုံဆောင်ခဲအဖြစ် အသွင်ကူးပြောင်းနေသည့် အဖြူရောင်ကြယ်သိမ်ကို HD190412 C ကြယ်ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

အဖြူရောင်ကြယ်သိမ်များ၏ သိပ်သည်းဆသည် တစ်ကုဗမီတာလျှင် ကီလိုဂရမ် တစ်သန်းထိရှိပြီး စိန်များ၏သိပ်သည်းဆမှာတစ်ကုဗမီတာလျှင် ကီလိုဂရမ် ၃၅၀၀ ခန့်သာရှိကြောင်း သိရသည်။

HC190412 C ကြယ်၏ သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၂ ဘီလီယံရှိပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## ဂြိုဟ်တုငယ် ၇၂ စင်းကို ဇွန် ၁၂ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဇွန် ၁၂ ရက်က ဂြိုဟ်တုငယ် ၇၂ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

Transporter-8 ဟူ၍ အမည်ပေးထားသော အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော ရှစ်ကြိမ်မြောက်ဂြိုဟ်တုငယ်များ စုပေါင်းစပ်ပေါင်းလွှတ်တင်မှု မစ်ရှင်ဖြစ်သည်။

လွှတ်တင်ပြီး ၁ နာရီအကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငယ် ၇၂ စင်းကို သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ ၂၄ မိနစ်ကြာ အချိန်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Transporter-8 မစ်ရှင်ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဂြိုဟ်တုငယ်များ စုပေါင်းစပ်ပေါင်း လွှတ်တင်ရေးမစ်ရှင် သုံးခုကို လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း လွှတ်တင်ခဲ့သည့် Transporter-6 မစ်ရှင်တွင် ဂြိုဟ်တုငယ် ၁၁၄ စင်းပါဝင်ခဲ့ပြီး ဧပြီလကလွှတ်တင်ခဲ့သော Transporter-7 မစ်ရှင်တွင် ဂြိုဟ်တုငယ် ၅၁ စင်းပါဝင်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## ဆေးဝါးကုထုံး အတွဲအစပ်ပုံစံသစ်တစ်မျိုးက မျိုးဥအိမ်ကင်ဆာလူနာများအတွက် မျှော်လင့်ချက်ဖြစ်လာနိုင်

**လန်ဒန် ဇွန် ၁၃**

ဆေးဝါးကုထုံး အတွဲအစပ်ပုံစံသစ်တစ်မျိုးသည် မျိုးဥအိမ်ကင်ဆာလူနာများအတွက် မျှော်လင့်ချက်ဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

မျိုးဥအိမ်ကင်ဆာ ရောဂါဖြစ်စဉ်အများစုကို ရောဂါနောက်ဆုံးအဆင့်ရောက်ချိန်မှသာ ဖော်ထုတ်တွေ့ရတတ်သည်ဖြစ်ရာ ဆေးပညာရှင်များအနေဖြင့် မျိုးဥအိမ်ကင်ဆာနောက်ဆုံးအဆင့် လူနာများ၌ ကင်ဆာဆဲလ်များ ကြီးထွားမှုကို ထိန်းထားနိုင်ရေးအတွက်နည်းလမ်းများရှာဖွေနေရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များသည် ရောဂါနောက်ဆုံးအဆင့် မျိုးဥအိမ်ကင်ဆာလူနာများကို ဓာတုကုထုံးနှင့် Bevacizumab အမည်ရှိ ခုခံအားစနစ်ဆေးတစ်မျိုးအပြင် Durvalumab နှင့် Olaparib အမည်ရှိဆေးနှစ်မျိုးကိုပါ တွဲဖက်အသုံးပြု၍ စမ်းသပ်ကုသခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Durvalumab နှင့် Olaparib ဆေးတို့ကို ပုံမှန်ကုထုံးများနှင့် တွဲဖက်ရယူထားသူ မျိုးဥအိမ်ကင်ဆာလူနာများ၌ ကင်ဆာရောဂါ အရှိန်တိုးလာမှုကို ငါးနှစ်ထိ ထိန်းထားနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပုံမှန်ကုထုံးများဖြစ်သည့် ခွဲစိတ်မှု၊ ဓာတုကုထုံးနှင့် Bevacizumab တို့ဖြင့် ကုသမှုခံယူထားသူများတွင်မူ ကုထုံးများရယူပြီး နှစ်နှစ်အကြာတွင် ရောဂါတိုးလာသည်ကို တွေ့ရကြောင်း သိရသည်။ KKO

## အမိဝမ်းတွင်း၌ PFAS ဓာတုပစ္စည်းနှင့်ထိတွေ့ခဲ့သူ ကလေးများအရွယ်ရောက်ချိန် ကိုယ်အလေးချိန်လွန်ကဲနိုင်

**နယူးယောက် ဇွန် ၁၃**

Per-polyfluorinated Substances (PFAS) ခေါ် ဓာတုပစ္စည်းများနှင့် အမိဝမ်းတွင်း၌ ထိတွေ့ခဲ့သည့် ကလေးများသည် အရွယ်ရောက်လာချိန်တွင် အဝလွန်မှု သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက် လွန်ကဲမှုပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ခြေမြင့်မားကြောင်း The Daily Mail သတင်းစာက ဇွန် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

PFAS ဓာတုပစ္စည်းများသည် ဖျက်ဆီး၍မရနိုင်လောက်အောင် ကြာရှည်တည်တံ့နိုင်စွမ်းရှိမှုကြောင့် အဆိုပါပစ္စည်းများကို ထာဝရတည် ဓာတုပစ္စည်းများဟူ၍ ဆေးပညာရှင်များက အမည်ပေးထားသည်။

အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သန္ဓေသားဘဝဖြင့် အမိဝမ်းတွင်း၌ PFAS ဓာတုပစ္စည်းများနှင့်ထိတွေ့ခဲ့ရသူ ကလေးများတွင် နောက်ပိုင်း၌ ကျန်းမာရေးပြဿနာများပေါ်လာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် နှစ်နှစ်နှင့် ငါးနှစ်ကြား ကလေး ၁၃၀၀ ကျော်နှင့် ၎င်းတို့မိခင်များ၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ဝန်ဆောင်ကာလ၌ သွေးအတွင်း PFAS ပါဝင်မှုမြင့်မားသော မိခင်များက မွေးဖွားလာသည့် ကလေးများတွင် အရွယ်ရောက်လာချိန်၌ အဝလွန်နိုင်ခြေ သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲနိုင်ခြေ ၁၀ ရာခိုင်နှုန်း မြင့်မားကြောင်း သိရသည်။

PFAS များသည် လူ့ကိုယ်ခန္ဓာဟော်မုန်းထုတ်လုပ်မှု အချိန်အဆကို နှောင့်ယှက်တတ်မှုကြောင့် အဆိုပါဓာတုပစ္စည်း စားသုံးမှုမြင့်မားပါက ကိုယ်အလေးချိန် တိုးလာတတ်ကြောင်း ယခင်ပြုလုပ်ခဲ့သည့်လေ့လာချက်များတွင်လည်း ဖော်ပြထားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယခုနှစ်ဘောလုံးရာသီအတွက် ပထမပိုင်းသွင်းဂိုးအများဆုံး အသင်းအဖြစ် နယူးကာဆယ်အသင်းမှတ်တမ်းဝင်



**လန်ဒန် ဇွန် ၁၃**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ကစားခဲ့သည့် နယူးကာဆယ်အသင်းက စပါးအသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် နယူးကာဆယ်အသင်းသည် စပါးအသင်းကို ပထမပိုင်း ငါးဂိုးပြတ်အနိုင်ရခဲ့မှုကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် ပထမပိုင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် စပါးအသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် နှစ်မိနစ်၊ ခြောက်မိနစ်၊ ကိုးမိနစ်၊ ၁၉ မိနစ်နှင့် ၂၀ မိနစ်တို့တွင် သွင်းဂိုးငါးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်သမိုင်းတွင် ပထမပိုင်းပွဲကစားချိန် ၂၀ မိနစ်အတွင်း ငါးဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဂိုးရရှိမှုအမြန်ဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံး သမိုင်းတွင် ပထမပိုင်းပွဲချိန်အတွင်း အမြန်ဆုံးဂိုးသွင်းယူခဲ့သည့်အသင်းမှာ ၁၉၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွီဒင်အသင်းက ကျူးဘားအသင်းကို ပွဲချိန် မိနစ် ၃၀ အတွင် လေးဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်သာရှိခဲ့ပြီး အဆိုပါပွဲစဉ်တွင် ဆွီဒင်အသင်းက ရှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ပထမပိုင်း ပွဲကစားချိန်အတွင်း ငါးဂိုးသွင်းယူ၍ ဂိုးပြတ်အနိုင်ရခဲ့သည့်အသင်းများမှာ ၁၉၉၇ ခုနှစ်တွင် ရှက်ဖီးအသင်းက ဘော်လ်တန်အသင်းကို ငါးဂိုးဂိုးမရှိ၊ ၂၀၁၀ ပြည့်နှစ်တွင် မန်စီးတီးအသင်းက ဘန်လေအသင်းကို ခြောက်ဂိုးတစ်ဂိုး၊ ၂၀၁၅ ခုနှစ်တွင် စတုတ်အသင်းက လီဗာပူးအသင်းကို ခြောက်ဂိုးတစ်ဂိုး၊ ၂၀၁၉ ခုနှစ်တွင် မန်စီးတီးအသင်းက ဝက်ဖို့ဒ်အသင်းကို ရှစ်ဂိုးဂိုးမရှိ၊ လက်စတာအသင်းက ဆောက်သမ်တန်အသင်းကို ကိုးဂိုးဂိုးမရှိ၊ ၂၀၂၂ ခုနှစ်တွင် လီဗာပူးအသင်းက ဘွန်းမောက်အသင်းကို ကိုးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်တို့ဖြစ်ပြီး ယခုနှစ်တွင် နယူးကာဆယ်အသင်းက စပါးအသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ML

# US Open 2023 ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဖစ်ဇ်ပက်ထရစ် ပါဝင်ယှဉ်ပြိုင်မည်

**လော့အိန်ဂျလိစ် ဇွန် ၁၃**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် ကျင်းပမည့် US Open 2023ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအမေရိကန် ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်က ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းအတည်ပြုခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖစ်ဇ်ပက်ထရစ်သည် ယခုနှစ် ဂေါက်သီးရိုက် ရာသီအတွင်း အောင်မြင်မှု ရယူထားနိုင်ခြင်းမရှိသေးသလို ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း အီတလီနိုင်ငံသို့သွားရောက်ကာ အနားယူအပန်းဖြေခဲ့ပြီး ပြင်ဆင်လေ့ကျင့်မှုကြီးကြီးမားမား မလုပ်ထားသော်လည်း ပြိုင်ပွဲဝင်ရန်အတွက် စိတ်လှုပ်ရှားနေကြောင်း ဖစ်ဇ်ပက်ထရစ်က ပြောကြားခဲ့သည်။

ဖစ်ဇ်ပက်ထရစ်က "US Open 2023 ဂေါက်သီးရိုက်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အနေနဲ့လက်ရှိချန်ပီယံဆုကို ကာကွယ်သွားဖို့ လုံလောက်တဲ့ ပြင်ဆင်လေ့ကျင့်မှုတွေ မလုပ်ထားနိုင်ပါဘူး။ အဲ့ဒီအတွက် နောင်တတော့ရမိပါတယ်။ ဒါပေမဲ့လဲ ပြီးခဲ့တဲ့ရက်သတ္တပတ်က မိတ်ဆွေ သူငယ်ချင်းတွေနဲ့အတူ အီတလီမှာသွားပြီးတော့ အပန်းဖြေအနားယူခဲ့တယ်။ အဲ့ဒါကြောင့် လန်းဆန်းပေါ့ပါးနေပြီး ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါတယ်။ လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ဖို့ဆိုရင်တော့ ပြင်ဆင်လေ့ကျင့်မှုတွေက အကောင်းဆုံးလုပ်ထားမှုဖြစ်လိမ့်မယ်။ ဒီပြိုင်ပွဲမတိုင်မီလဲ ပြိုင်ပွဲတွေကနေ ခေတ္တနားထားတော့ US Open 2023 ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အကောင်းဆုံးပုံစံရဖို့တော့ ရှန်းကန်ရနိုင်ပါတယ်။ အချိန်တွေကလဲ ကုန်တာတော်တော်လဲ မြန်တယ်။ မနှစ်ကချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တယ်။ အခုဆိုရင် တစ်နှစ် တင်းတင်းပြည့်သွားပြီ။ US Open 2023 ဂေါက်သီးရိုက်ပြိုင်ပွဲမှာ မနှစ်ကလိုပျော်ရွှင်မှုတွေနဲ့ အဆုံးသတ်နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာခြေစမ်းပွဲစဉ်များကြောင့် နေရှင်နယ်လိဂ်ပြိုင်ပွဲကို ယာယီရပ်နားထားမည်

**ရန်ကုန် ဇွန် ၁၃**

မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် ယခုလအတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်နှစ်ပွဲ ကစားရန်ရှိနေသည့်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယာယီရပ်နားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲကာလဖြစ်သည့် ယခုလအတွင်း ခြေစမ်းပွဲစဉ်နှစ်ပွဲကစားမည်ဖြစ်ပြီး ဇွန် ၁၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် မကာအိုလက်ရွေးစင်အသင်းနှင့်လည်းကောင်း တရုတ်နိုင်ငံတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကစားသမားများအနေဖြင့် နိုင်ငံတကာခြေစမ်းပွဲစဉ်များအတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပူးပေါင်းလျက်ရှိနေသည့်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာခြေစမ်းပွဲခရီးစဉ်မှာ ဇွန် ၁၉ ရက်တွင် ပြီးဆုံးမည်ဖြစ်သည့်အတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို လာမည့် ဇွန် ၂၁ ရက်မှစတင်ပြီး ပုံမှန်အတိုင်း ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- အဲဗာတန်အသင်းက အမှုဆောင်ဒါရိုက်တာအပါအဝင် ဘုတ်အဖွဲ့ဝင်လေးဦး ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- တိုက်စစ်မှူးအမ်ဘက်ပီက ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းတိုးမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သဖြင့် အသင်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် အမ်ဘက်ပီကိုရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ဒီကလန်ရိုက်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းက တောင်းဆိုထားသည့် စတာလင်ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့သဖြင့် သဘောတူညီမှုရရှိရန် သေချာနေပြီး ထပ်မံဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ML

# ယူကရိန်းအသင်းနှင့်ခြေစမ်းပွဲစဉ်အပြီးတွင် ဂျာမနီအသင်း နိုင်ငံတကာပွဲ ၁၀၀၀ ပြည့်မြောက်

**ဘာရီမင် ဇွန် ၁၃**

ပြီးခဲ့သည့် ဇွန် ၁၂ ရက်က ဂျာမနီနိုင်ငံ ဘာရီမင်မြို့တွင်ကစားခဲ့သည့် ဂျာမနီအသင်းနှင့်ယူကရိန်းအသင်းတို့ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဂျာမနီအသင်းအနေဖြင့် နိုင်ငံတကာပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် နည်းပြဖလစ်၏ ဂျာမနီအသင်းသည် ပွဲအစ ခြောက်မိနစ်ကတည်းက တိုက်စစ်မှူး ဖူးလ်ခရက်၏သွင်းဂိုးဖြင့် ဦးဆောင်ထားနိုင်သော်လည်း ပွဲကစားချိန် ၁၉ မိနစ်တွင် တောင်ပံကစားသမားစီဂန်ကော့ဗ်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၂၃ မိနစ်တွင် တောင်ပံကစားသမားမက်ဒရိုင်းခ်၏ ကန်သွင်းမှုမှ ရှုဒီဂါ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ယူကရိန်းအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် ပထမပိုင်းကိုဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဂျာမနီအသင်းက တိုက်စစ်ပိုင်းနှင့် ခံစစ်ပိုင်းကို အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ယူကရိန်းအသင်းက ဆက်လက်ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၅၆ မိနစ်တွင် စီဂန်ကော့ဗ်က တတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပြိုင်ပွဲကိုထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ဂျာမနီအသင်းက မူစီအာလာ၊ ဟော့မန်း၊ ဝီယာ့ဇ်၊ ဟန်းရစ်ချ်တို့ကို ထပ်မံထည့်သွင်းခဲ့ရာ ပွဲချိန် ၈၃ မိနစ်တွင် ကိုင်ဟာဗက်၊ ပွဲချိန် မိနစ် ၉၀ တွင် ကီမစ်ချ်၏ပင်နယ်တီ



သွင်းဂိုးတို့ဖြင့် ချေပဂိုးများရရှိခဲ့ပြီး တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပွဲ ၁၀၀၀ ပြည့်ပွဲစဉ်ကို ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

လက်ရှိတွင် ဂျာမနီအသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိထားသဖြင့် ခြေစစ်ပွဲကစားရန်မလိုဘဲ တိုက်ရိုက်ဝင်ခွင့်ရရှိထားသောကြောင့် လာမည့် ဇွန် ၁၇ ရက်တွင် ပိုလန်အသင်း၊ ဇွန် ၂၀ ရက်တွင် ကိုလံဘီယာအသင်းတို့နှင့် ခြေစမ်းပွဲများ ထပ်မံကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

# အားကစားကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်တင့်စေဖွယ်

**အေးကျော် (ရူပဗေဒ)**




အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Southeast Asian Games) ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ စတင်ကျင်းပသည့်နှစ်တွင် ထိုင်း၊ မြန်မာ၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် စင်ကာပူ ခြောက်နိုင်ငံသည် ပထမဆုံး အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲဝင်နိုင်ငံများဖြစ်ကြသည်။ ယင်းနောက် ၁၉၆၁ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၁၉၇၇ ခုနှစ်တွင် ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၀၃ ခုနှစ်တွင် အရှေ့တီမောနိုင်ငံတို့မှ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံဖြင့် ပြိုင်ပွဲကျင်းပလျက်ရှိသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Southeast Asian Games) တွင် အရှေ့တောင်အာရှဒေသ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ နိုင်ငံတော်အဆင့် လက်ရွေးစင်အားကစားသမားများဖြင့် အကြိတ်အနယ်ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲကြီးဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ နှစ်နှစ်တစ်ကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ပြိုင်ပွဲအပါအဝင် (၃၂)ကြိမ်မြောက်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲအနေဖြင့် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမအကြိမ်၊ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်မြို့၌ ဒုတိယအကြိမ် ကျင်းပခဲ့ပါသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖြစ် ၂၀၁၃ ခုနှစ်တွင် နေပြည်တော်၌ ထပ်မံလက်ခံကျင်းပနိုင်ခဲ့ပြီး အိမ်ရှင်အဖြစ်သုံးကြိမ်လက်ခံကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သော (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၃၆ နည်း ပါဝင်ပါသည်။ ယခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်းကို အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ၊ နည်းပြ ၁၀၄ ဦး စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်း ဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့ကြောင်း ဇွန် ၂ ရက်နေ့ထုတ် မြဝတီသတင်းစာတွင် ဖတ်ရှုလိုက်ရသည့်အခါ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကျေနပ်မိသည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။ ထူးခြားချက်အနေဖြင့် ၁၉၈၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာအားကစားအဖွဲ့သည် အခြားနိုင်ငံများသို့ ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်သော SEA GAMES ပြိုင်ပွဲများ၌ ယခု (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် အများဆုံး ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမားအင်အား ၆၂၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံအပါအဝင် ဖိလစ်ပိုင်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့အနေဖြင့် ပြိုင်ပွဲဝင်အင်အား ၈၀၀ ကျော်စီ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အင်အား ၇၀၀ ကျော်၊ မလေးရှားနိုင်ငံအနေဖြင့် ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူနိုင်ငံတို့အနေဖြင့် အင်အား ၅၀၀ ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ၃၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားနည်း ပါဝင်ယှဉ်ပြိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအင်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိပါသည်။

ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇) ကြိမ်မြောက်ပြိုင်ပွဲတွင် ၂၈ ရာခိုင်နှုန်း၊ (၂၈) ကြိမ်မြောက်ပြိုင်ပွဲတွင် ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉) ကြိမ်မြောက်ပြိုင်ပွဲတွင် ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ (၃၀) ကြိမ်မြောက်ပြိုင်ပွဲတွင် ၇ ဒသမ ၆၆ ရာခိုင်နှုန်း၊ (၃၁) ကြိမ်မြောက် ပြိုင်ပွဲတွင် ၂၁ ဒသမ ၅၂ ရာခိုင်နှုန်း၊ (၃၂) ကြိမ်မြောက်ပြိုင်ပွဲတွင် ၃၃ ဒသမ ၄၃ ရာခိုင်နှုန်း ရရှိခဲ့သည်။ ထို့ကြောင့် ယခု (၃၂) ကြိမ်မြောက် SEA GAMES သည် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်နှစ်များအလိုက် နှိုင်းယှဉ်ပါက အောင်မြင်မှုရာခိုင်နှုန်း အမြင့်မားဆုံးပြိုင်ပွဲ ဖြစ်လာခဲ့ပါသည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားနည်း ၁၉ နည်းတွင် ရွှေ၊ ငွေ၊ ကြေး တံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသော အားကစားသမားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိပါက ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိပါက ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိပါက ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိကြသည့် အသင်းသားတစ်ဦးချင်းစီကို ရွှေတံဆိပ်ဆိုပါက ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆိုပါက ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ဆိုပါက ကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများကိုလည်း သက်ဆိုင်ရာအားကစားအလိုက် ရွှေတံဆိပ်ရရှိပါက ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိပါက ကျပ်သိန်း ၃၀ စီ၊ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သော အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇၀၀၀၀ ခန့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ မိမိ လူမှန်းသိတတ်စအရွယ်ကတည်းက အားပေးခဲ့ရသည့် နိုင်ငံနှင့်ချီသည့် အားကစားယှဉ်ပြိုင်ပွဲများတွင် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်မှုမျိုးကိုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်သာ မြင်ဖူး၊ ကြားဖူးခြင်းဖြစ်ပါသည်။ နိုင်ငံရေးမဟုတ်ဘဲ နိုင်ငံ့အရေးကို စိတ်ဝင်တစားရှိလှသော ခေါင်းဆောင်ကောင်းဟူသည် ချီးမြှင့်ထိုက်သူကို ချီးမြှင့်သည်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုသည်။ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များသည် မင်္ဂလာရှိလိုက်လေခြင်းဟု ရင်ထဲတွင် ပီတိဖြစ်မိပါသည်။

စာရေးသူအနေဖြင့် ဆုချီးမြှင့်မှုများကို တွေ့မြင်ကြားသိရချိန်တွင် ဆုကြေးငွေများနှင့်ပတ်သက်ပြီး အကယ်၍ စာရေးသူသာ ဆုတံဆိပ်ရရှိခဲ့သည်ဆိုပါက မည်သို့ခွဲခြမ်းစိတ်ဖြာသုံးစွဲမည်နည်းဟု တွေးမိပါသည်။ ဥပမာ စာရေးသူသည် ရွှေတံဆိပ်ရရှိခဲ့သော အားကစားသမားတစ်ဦးဖြစ်ခဲ့မည်ဆိုကြပါစို့၊ ရရှိမည့် သိန်း ၃၀၀ ကျပ်အား တစ်လကို ငါးသိန်းအသုံးစရိတ်အဖြစ် အသုံးပြုမည်ဆိုလျှင် တစ်နှစ်လျှင် သိန်း ၆၀၊ နှစ်နှစ်လျှင် သိန်း ၁၂၀ ကုန်မည်ဖြစ်သည့်အတွက် ကျန်ငွေ သိန်း ၁၈၀ သို့မဟုတ် တစ်လကို ၁၀ သိန်းအသုံးစရိတ်အဖြစ် အသုံးပြုမည်ဆိုလျှင် တစ်နှစ်လျှင် သိန်း ၁၂၀၊ နှစ်နှစ်လျှင် သိန်း ၂၄၀ ကုန်မည်ဖြစ်သည့်အတွက် ကျန်ငွေ သိန်း ၆၀ ဖြစ်သည်။ ကျန်ရှိငွေကိုလည်း မိမိ ဘဝရှေ့ရေးအတွက် အကျိုးရှိရှိ စီမံဆောင်ရွက်ထားမည်။ ဩော် . . . တစိုက်မတ်မတ်ကြိုးစားမှုကြောင့် ရရှိလာသော ချီးမြှင့်ငွေကိုအကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးချနိုင်ပါက သုံးရုံမက ဘဝရှေ့ရေးအကျိုးရှိအောင်ပါ စီမံဆောင်ရွက်နိုင်သည်။ မိမိနိုင်ငံအခြေအနေ၊ မိမိနိုင်ငံအနေအထားနှင့် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ထားခြင်းဖြစ်သည့်အတွက် မိမိသာဆိုလျှင်ဟူသော စိတ်မှန်းဖြင့်တွက်ဆကြည့်နေမိတော့သည်။ စာရေးသူအနေနှင့် ငွေကြေးပမာဏကို မက်မောခြင်းဆိုသည်ထက် အားကစားသမားများအတွက် ဘဝရှေ့ရေးဖူလုံခိုင်မာစေမည့် အထောက်အပံ့ကောင်းအဖြစ် ချီးမြှင့်ပေးသော နိုင်ငံ့အကြီးအကဲ၏ စိတ်ရင်းစေတနာကိုလည်း လေးစားမိခြင်းဖြစ်သည်။

(၃၀) ကြိမ်မြောက် SEA GAMES နှင့် (၃၂) ကြိမ်မြောက် SEA GAMES ဆု တံဆိပ်ရရှိမှုရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်ပါက ၁၁ ဒသမ ၉၁ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရသည်။ တိုးတက်မှု ကွာခြားချက်မြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အားကစားသမားတို့သည် နှစ်နှစ်အတွင်း ခွန်ပြည့်အားပြည့် လုပ်နိုင်ကိုင်နိုင်သော အဆင့်အတန်း အခြေအနေတစ်ခုကို ရရှိသွားခြင်းဖြစ်ပါသည်။ ထိုအဆင့်အတန်း အခြေအနေတစ်ခုကို ပြန်လည်ကျဆင်းမသွားအောင် ထိန်းသိမ်းပြီး ပိုမိုတိုးတက်လာအောင် မဆုတ်မနစ် တစိုက်မတ်မတ် ကြိုးစားမည်ဆိုလျှင် ဆုများထပ်ခါထပ်ခါရရှိကာ နိုင်ငံ့ဂုဏ်လည်းဆောင်၊ ကိုယ်တိုင်လည်း ဖွံ့ဖြိုးတိုးတက်၊ ဘဝအာမခံချက်လည်း ရရှိမည်မလွဲဧကန် ဖြစ်ပါသည်။

အားကစားနှင့်ပတ်သက်လျှင် မျက်နှာမငယ်ရအောင် စွမ်းဆောင်နိုင်ကြသော၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကောင်းကောင်းဖြင့် ယှဉ်ပြိုင်ပေးကြသော အားကစားသမားများကို အလွန်ပင်လေးစားချစ်ခင် အားကျမိပါသည်။ ထို့အတူ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ယခုကဲ့သို့ ထူးထူးချွန်ချွန်ဖြင့် နိုင်ငံ့ ဂုဏ်ဆောင်နိုင်စေရန်အတွက် အဘက်ဘက်မှ အထောက်အပံ့ပေး၊ မြှောက်ပေးပါသော နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်မိပါသည်။ သားသမီးကောင်းတို့၏နောက်တွင် မိဘကောင်းတို့သည် ရှိစမြဲမဟုတ်ပါလား။

ယခင်ကဆိုလျှင် ထိုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကို စက်ဘီးတစ်စီး၊ ရေဒီယိုတစ်လုံး၊ နာရီတစ်လုံး အစရှိသည်ဖြင့်သာ ဂုဏ်ပြုချီးမြှင့်ခံရကြောင်း ကြားသိခဲ့ရဖူးပါသည်။ သက်ရှိ၊ သက်မဲ့ မည်သို့ပင်ဖြစ်စေ တန်ဖိုးကိုသိသူ၊ တန်ဖိုးကိုသိ၍ မြတ်နိုးအလေးထားတတ်သူတို့လက်ထဲတွင် ပိုမိုကောင်းမွန်စွာ တောက်ပရှင်သန်ကြသည် မဟုတ်ပါလား။ ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် SEA GAMES ပြိုင်ပွဲသာမက အခြားအားကစားပြိုင်ပွဲများတွင်ပါ ပြိုင်ပွဲမစခင်အစ၊ ပြိုင်ပွဲပြီးသည်အလယ်၊ ဆုချီးမြှင့်မှုများသည် အဆုံး အဘက်ဘက်မှ မလစ်ဟင်းရအောင် အုပ်ချုပ်ထောက်ပံ့မှုများ ပေးခဲ့သည်ကို မြင်တွေ့ရသောအခါ တန်ဖိုးထားတတ်သူတို့၏ လက်ထက်တွင် တန်ဖိုးထားခံရသူတို့ ပိုမိုတိုးတက်အဆင်ပြေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။




အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အားကစားကွင်းရှိရမည်။ အထောက်အပံ့ပစ္စည်းများပြည့်စုံရမည်။ နည်းစနစ်ပိုင်း၊ နည်းပြပိုင်းကောင်းရမည်။ အားပေးထောက်ပံ့သော ပရိသတ်ရှိရမည်။ Talent ရှိသော၊ Skilful ဖြစ်သော အားကစားမောင်မယ်များ ရှိရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခင်အစိုးရလက်ထက်ကရှိခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ်လ

စာမျက်နှာ ၁၁ သို့

# Export of chick pea earns more than $3 million within two months in 2023-24 FY



Chick pea seen among other beans and pulses at a market.

**Nay Pyi Taw June 13**

The Ministry of Commerce stated that more than US$3 million in export of chick pea within two months of 2023-24 financial year.

Myanmar stands the fifth in producing the largest volume of chick pea. India stands the first, Pakistan the second, Turkiye the third, Ethiopia the fourth and Myanmar the fifth.

Myanmar pocketed US$13.139 million in export of chick pea in 2022-23 financial year. Chick pea can yield 20 baskets per acre.

In April and May this year, chick pea was exported in shipping to earn US$13.139 million but no volume through land borders.

According to the market information of the Bayintnaung brokerage on 12 June, price of chick pea is qual to that of black bean and red pigeon pea in the market. But, prices of stocks cannot be estimated. Chick pea price cannot reach K100,000 per ton till today. However, local farmers and businesspersons still store the bean with the expectation to get good prices.

At Bayintnaung market, white chick pea is traded by K160 per viss and gram by K370. In the international market, one ton of chick pea is priced by some US$50.

In Yangon market, one viss of chick pea is priced at K4,400 to K4,500, large chick pea K4,500 to K4,600, gram K5,800 to K6,000 and large chick pea US$950 to US$1,000 per ton at FOB price. 336

# 400V power line installed by 90 percent in Kayin State

**Hpa-an June 13**

Installation of a 400V power line has been completed by 90 per cent in Kayin State through local people's contribution, according to the Department of Rural Development in Thandauggyi Township on 12 June.

Installation of power line started in the fourth week of May this year in Marday Village of Thandaunggyi Township in Kayin State. Such project is being implemented through the interest of Myaseinyaung project fund and public contributions.

The power line is 2,470 feet long. K10.8 million from the interest of Myaseintaung project being implemented by the rural Development Department and K2.004 million by local people. In installing the power line the Township Electricity Supply Enterprise provide technical assistance and Rural Development Department closely supervises the installation.

So far, installation tasks have completed by 90 per cent, with the aim of electrifying 65 households for 234 people. 336



A newly installed power line.

# DWIR plans to clear coarse woody debris in Ayeyawady River during the period of high water

**Mandalay June 13**

The DWIR planned to clear coarse woody debris in the areas where it is difficult for ships to travel during the period of high water in the Ayeyawady River, according to U Ye Tun Lin Aung, Assistant Director of Directorate of Water Resources and Improvement of River Systems (DWIR) for Region-5, Mandalay Region.

As this is the current high water period in the Ayeyawady River, it is the time of high water in the upper parts of the river, such as Bhamo, Katha, Shwegu and Htigyaing and due to the erosion of the old trees near the shore, the big trees are broken and destroyed. So cargo ships and passenger ships from Mandalay port need to be careful.

"Recently, there have not been any landslides, and there have been no large-scale drifts of wood. If there are landslides and drifts and it becomes difficult to navigate, we will carry out operations to clear the debris," he continued. 184

# Nine injured in mass shooting after Denver Nuggets NBA win

**Denver June 13**

Nine people have been injured in a mass shooting in Denver, Colorado.

Three of the victims are in a critical condition, police said in a Twitter post, while the others have non life-threatening injuries.

They added that a suspect was also shot and was in police custody.

The shooting happened on Market Street, close to Ball Arena, where the city's basketball team, the Denver Nuggets, won their first NBA championship on Monday night.

Police said they believe that "multiple shots were fired during an altercation involving several individuals" and said a "complex investigation" was taking place.

CBS Colorado reported that thousands of celebrating fans poured into the streets around the arena after the game, which saw the Denver Nuggets beat Miami Heat 94-89 on Monday night.

The news outlet quoted Denver Police Department spokesperson Doug Schepman as saying that the shooting happened roughly three-and-a-half hours after the game and that crowds had dispersed, leaving only a smaller number of people in the area when gunfire broke out.

According to the organisation that monitors mass shootings in the US, the shooting in Denver is the 291st this year.

BBC

# French HR murders: Man on trial for killing three female job managers

**Paris June 13**

A man has gone on trial in France, accused of killing three women he is alleged to have held responsible for wrecking his career.

Gabriel Fortin, 48, was arrested in 2021 in the southern city of Valence.

Over the previous days, two human resources managers who helped sack him years earlier had been shot dead.

The third victim worked at a job centre. Mr Fortin, dubbed by media as the "HR killer", is also accused of trying to murder another manager.

An unemployed engineer at the time of his arrest, he has refused to speak to investigators since then.

The first killing happened on 26 January 2021 in the Alsace region of eastern France. Human Resources manager Estelle Luce was shot in the head in her company car park after work.

Later that evening, about 50km (30 miles) away, another HR manager was shot at his home by a man posing as a pizza deliverer. The victim, Bertrand Meichel, survived.

Two days afterwards, 500km to the south, a man wearing a facemask and carrying a white plastic bag entered the Valence local job centre, pulled a gun from a plastic bag and killed the benefits director, Patricia Pasquion.

Minutes later another HR manager, Géraldine Caclin, was shot dead at an environmental services company near Valence.

The number plate of the car used by the gunman as he left the job centre led police to Mr Fortin. He was immediately linked to the later murder.

In 2009 Ms Caclin had led dismissal proceedings after an unsuccessful trial period. Mr Fortin had then registered with the Valence job centre, and eventually his unemployment benefits ran out. BBC

# Maungtaw border trade camp manages trade surplus despite suffering cyclone Mocha



A border jetty in Maungtaw.

**Maungtaw June 13**

The Ministry of Commerce stated that Maungtaw border trade camp despite suffering impacts of cyclonic storm Mocha conducted trading against 35 per cent of the target with trade surplus.

Maungtaw border trade camp in Rakhine State handles trading with Bangladesh. In May of 2023-24 financial year, the camp set a target to manage US$1.5 million worth of export and US$0.04 million worth of import.

Unfortunately, due to severe cyclonic storm Mocha, Maungtaw camp could conduct the border trade measures in the early May but resumed its functions as from 17 May.

Hence, the camp could meet 36 per cent of target trade volume in May. It handled US$0.55 million worth of export and US$0.001 million of import, totalling US$0.551 million.

During the period, the camp arranged export of areca nut, coconut, dried plum, fresh ginger, mango, bouea, rohu fish, dried shrimp, various dried fish, hilsa, sandal, dried rice noodle, clothes, solid Thanakha, plum jam and others and import of plastic pipe and PVC tanks.

336

# Myanmar's Seintalone becomes favorite of people in Manshi of China-Myanmar border

**Muse June 13**

Myanmar's mango Seintalone grasped a firm market in Manshi, the city of border between Myanmar and China, according to the Myanmar Trade Promotion Organization on 10 June.

Myanmar exports Seintalone mango to foreign market, especially to China. Some 250,000 acres of Seintalone plantations are thriving in Myanmar, producing more than 660,000 tons of mango in various species.

Seintalone mango plantations can be seen in Mandalay and Sagaing regions and Nay Pyi Taw Council Area as well as Shan State (South).

The two-third of export mangoes are exported to China. Now, Myanmar's Seintalone mango grasps a firm market in China.

Moreover, Myanmar's Seintalone mango is the most favorite fruit in Manshi, the border city of Myanmar and China. Mango can yield from April to August. Hence, Myanmar's Seintalone mangoes can be seen as mushrooms along the roads in Manshi border city as from May.



Seintalone mangoes being packaged with the use of machinery.

Moreover, Seintalone mango is sold in Manshi on online platform such as Taobao and WeChat.

In addition, the mango is transported to other cities from Manshi by air. Hence, Myanmar's Seintalone mango occupies hearts of Manshi city dwellers.

In June, Seintalone mango is sold at 8 yuan per 500 gram in regular market of Manshi. Currently, Myanmar arranges export of Seintalone to Singapore market.

336

# DSW plans to hold lectures for workers from five townships about social security benefits

**Mandalay June 13**

A lecture will be held from the third week of this month to inform the workers from five townships in Mandalay Region about social security benefits, according to the Department of Social Welfare (DSW) for Mandalay Region.

Lectures will be held to make the workers of these townships to know more about social security benefits and insurance systems. Workers from Aungmyethazan, Chanayethazan, Mahaaungmye, Pyigyidagun and Chanmyathazi townships are contacted by the township social welfare offices, and the regional in charge, the district in charge and the staff officers will hold a joint lecture, according to U Than Naing Oo, in charge for social welfare office in Mandalay Region.

The social welfare office is implementing three insurance systems: the health and social care insurance system, the family support insurance system and the employment injury benefit insurance system, for the workers to know more about them. It is reported that the lectures will be conducted in accordance with the rules of Covid-19.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dolphin statues made of teak send to Myanmar souvenir shop Burmese Stores in Dhaka, Chittoung

**Yangon June 13**

Teak sculptural statues in shape of dolphins are sent to Burmese Store souvenir shops in Dkaha and Chittoung of Bangladesh, said managing director U Maung Maung Aye of Myanmar Mandaing souvenir sale centre in Thingangyun Township of Yangon Region.

Burmese store souvenir shops of Myanmar citizens are opened in Dkaha and Chittoung of Bangladesh. These shops order to purchase statues from Myanmar. This month, dolphin statues made of teak are sent to the shops through border trade camps in Rakhine State.

"We have orders from these shops to send dolphin statues made of teak with seven inches long and 11 inches high. It is new shape of dolphins. We have not sold it at domestic market. By June, we have to send 120 statues to these stores. These will be carved at our workshop. We sell the statue at K90,000 in the domestic market," said the managing director.

Myanmar souvenirs are sent to souvenir shops at home and in Hong Kong, Macao, Dhaka, Chittoung, Dzegong, Mae Sot, Mae Sai and others in neighbouring countries.

ASH



A sample of teak dolphin statue.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက လာမည့်နှစ်တွင် အီရန်ဒရုန်းများထုတ်လုပ်ရန် လုပ်ဆောင်နေကြောင်း အိမ်ဖြူတော် ပြော



ရုရှားသည် ၎င်း၏ပိုင်နက်တွင် ဒရုန်းစက်ရုံတစ်ရုံတည်ဆောက်ရန် အီရန်မှ ပစ္စည်းများ လွှဲပြောင်းလက်ခံရယူနေပြီး လာမည့်နှစ်တွင် ဒရုန်းများ ထုတ်လုပ်ရန် လုပ်ဆောင်နေကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ John Kirby က ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့ဘက် ကီလိုမီတာ ၉၀၀ (မိုင် ၅၆၀) ခန့်အကွာ အလာဘူဂါ အထူးစီးပွားရေးဇုန်တွင် ဖြစ်နိုင်ဖွယ်ရှိသော စက်ရုံတည်နေရာကို အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။

"ရုရှား-အီရန်စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုနက်ရှိုင်းလာပုံပေါ်သည်"ဟု အမေရိကန်ထောက်လှမ်းရေး အချက်အလက်များကို ကိုးကားပြီး Kirby က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စီးပွားရေးလုပ်ငန်းများနှင့်အစိုးရများကို အီရန်နိုင်ငံ၏(ဒရုန်း) အစီအစဉ်တွင် အမှတ်မထင် ပါဝင်ကူညီခြင်းမရှိကြောင်း သေချာစေရန် အစိုးရ၏အကြံပေးချက်အသစ်ကို ထုတ်ပြန်လိမ့်မည်ဟု အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးများကိုကူညီပေးရန်အတွက် ရာနှင့်ချီသော တိုက်ခိုက်ရေးဒရုန်းများနှင့် ဆက်စပ်ပစ္စည်းများကို အီရန်မှ လက်ခံရရှိထားကြောင်း အမေရိကန်က ခန့်မှန်းထားသည်။

အမေရိကန်၏အချက်အလက်များအရ အဆိုပါဒရုန်းများကို အီရန်တွင် တည်ဆောက်ပြီး ကက်စပီယံပင်လယ်ကိုဖြတ်ကာ တင်ပို့ခဲ့ကြောင်းနှင့် ရုရှားတပ်ဖွဲ့များ ယူကရိန်းစစ်ဆင်ရေးတွင် အသုံးပြုခဲ့ကြောင်း Kirby က ပြောကြားခဲ့သည်။

အိမ်ဖြူတော်သည် အီရန်နိုင်ငံ Amirabad မြို့မှ ရုရှားနိုင်ငံ တောင်ပိုင်း Makhachkala မြို့သို့ ပို့ဆောင်ရေးလမ်းကြောင်းဖော်ပြထားသည့် မြေပုံကို ထုတ်ပြန်ခဲ့ပြီး ၎င်းမှဒရုန်းများကို Azov ပင်လယ်၊ Primorsko-Akhtarsk ဆိပ်ကမ်းမြို့ရှိ လေတပ်စခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

ရုရှားနိုင်ငံသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူကရိန်းအထူးစစ်ဆင်ရေးများတွင် အီရန်ဒရုန်းများကို အသုံးပြုတိုက်ခိုက်ပြီး အရပ်သားများအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့သည်ဟု Kirby က စွပ်စွဲပြောကြားခဲ့သည်။

အီရန်မောင်းသူမဲ့လေယာဉ်များ ရုရှားနိုင်ငံက ကိုယ်တိုင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အမေရိကန်က သတိပေးပြောကြားခဲ့သည်။

"ရုရှားပြည်တွင်းမှာ ဒရုန်းထုတ်လုပ်ရေးစက်ရုံတည်ဆောက်ဖို့အတွက် ရုရှားက အီရန်ဆီကလိုအပ်တဲ့ပစ္စည်းတွေကို လက်ခံရရှိထားတယ်ဆိုတဲ့ အချက်အလက်တွေ ကျွန်တော်တို့မှာရှိပါတယ်"ဟု Kirby က ပြောကြားခဲ့သည်။

တစ်ဖန် အီရန်နိုင်ငံသည် Su-35 တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ ရေဒါများနှင့် YAK-130 တိုက်ခိုက်ရေး၊ လေ့ကျင့်ရေးအမောင်းသင်လေယာဉ်များကို ရုရှားမှ အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီ၍ ဝယ်ယူရန်ကြိုးပမ်းနေကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

"ယူကရိန်းမှာအသုံးပြုဖို့အတွက် အီရန်ထုတ် စစ်လက်နက်ပစ္စည်းတွေကို ရုရှားဆီလွှဲပြောင်းရာမှာ ပါဝင်ပတ်သက်သူတွေကို ပိတ်ဆို့အရေးယူမှုတွေ ဆက်လက်ချမှတ်သွားမှာပါ"ဟု Kirby က ထည့်သွင်းပြောကြားခဲ့သည်။

**Russia Working to Produce Iranian Drones Next Year: White House ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်၊ ဂျပန်၊ တရုတ်(တိုင်ပေ)တို့ ကင်းထောက်ဒရုန်းသတင်းအချက်အလက်များ မျှဝေရန်သဘောတူ

အမေရိကန်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့သည် စစ်ဘက်ဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းလာစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ ကင်းထောက်ဒရုန်းများမှ ရရှိသောသတင်းအချက်အလက်များကိုမျှဝေပေးရန် သဘောတူညီခဲ့ကြောင်း ဇွန် ၉ ရက်က Financial Times ၏ ဖော်ပြချက်အရ သိရသည်။

တရုတ်(တိုင်ပေ)သည် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်၏အုပ်ချုပ်မှုအတွင်းချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာသန်း ၆၀၀ တန် သဘောတူညီချက်အရ General Atomics ကုမ္ပဏီထံမှ MQ-9B Sea Guardian ဒရုန်းလေးစင်းကို လက်ခံရရှိရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံက ပိုင်နက်အစိတ်အပိုင်းအဖြစ် တောင်းဆိုထားသည့် တရုတ်(တိုင်ပေ)အတွက် ၎င်းဒရုန်းစနစ်များသည် အရေးပါသော စွမ်းဆောင်ရည်ကိုပေးစွမ်းနိုင်မည်ဟု မျှော်မှန်းထားသည်။

အမေရိကန်သည် တရုတ်ကို စောင့်ကြည့်ရန်အတွက် အမေရိကန်နှင့် ဂျပန်တပ်ဖွဲ့များအသုံးပြုနေသည့် မောင်းသူမဲ့လေယာဉ်စနစ်တွင် ဒရုန်းများကို ပေါင်းစပ်ခွင့်ပြုမည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ပေါင်းစည်းမှုသည် အမေရိကန်နိုင်ငံနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်နိုင်ငံများကို သက်ဆိုင်ရာ ကင်းထောက်စနစ်များက စုဆောင်းရရှိထားသော အချက်အလက်အားလုံးကို တစ်ပြိုင်တည်း စောင့်ကြည့်အကဲဖြတ်နိုင်စေမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ယခုသီတင်းပတ်အတွင်း တရုတ်စစ်လေယာဉ်အစင်း ၃၀ ကျော်သည် တရုတ်(တိုင်ပေ)လေကြောင်းရန်ကာကွယ်ရေးဇုန်သို့ ၆ နာရီကြာ ဝင်ရောက်ခဲ့ပြီး ကျွန်းနိုင်ငံမှ ကင်းလှည့်လေယာဉ်များ၊ ရေတပ်သင်္ဘောများ စေလွှတ်ခဲ့ကာ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တိုက်ပွဲဝင်အသင့် တပ်ဖြန့်ချထားခဲ့သည်။

ဒရုန်းများမှ ဒေတာမျှဝေခြင်းသည် တရုတ်(တိုင်ပေ)ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးပြည့်စုံသောအခြေအနေတစ်ရပ်ကို သိရှိစေနိုင်ပြီး ၎င်း၏မဟာဗျူဟာများကို ကြိုတင်ခန့်မှန်းနိုင်စေမည်ဖြစ်သည်။

"ပေါင်းစည်းမှုကို တတ်နိုင်သမျှမြန်မြန်ပြီးမြောက်စေရေး လက်တွေ့ကျတဲ့ချဉ်းကပ်လုပ်ဆောင်မှုတစ်ခုကို ကျွန်တော်တို့ လုပ်ဆောင်သွားမှာပါ"ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

အမေရိကန်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့ကြား ဒရုန်းနည်းပညာသတင်းအချက်အလက်များမျှဝေရန် လုပ်ဆောင်ချက်သည် တင်းမာမှုများ မြင့်တက်စေခြင်းကြောင့် ရှောင်ကြဉ်သင့်သည့် လုပ်ရပ်ဖြစ်ကြောင်း တရုတ်စစ်ဘက်အကြီးတန်းအရာရှိတစ်ဦးက အခိုင်အမာပြောဆိုခဲ့သည်။



အာရှ-ပစိဖိတ်ဒေသတွင် မဟာမိတ်ဖွဲ့ခြင်းမပြုရန် တရုတ်နိုင်ငံက သတိပေးထားပြီး ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်စေကာ ဒေသတွင်း အငြင်းပွားမှုများနှင့် ပဋိပက္ခများဆီသို့ တွန်းပို့သွားနိုင်လိမ့်မည်ဟု သတိပေးထားသည်။

ထိုင်ဝမ်ရေလက်ကြားတစ်ဝိုက် တည်ငြိမ်မှုကိုထိခိုက်စေပြီး တင်းမာမှုများဖြစ်ပေါ်စေသည့်လုပ်ရပ်မှန်သမျှကို ရပ်တန့်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝမ်ဘင်က အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ကို တောင်းဆိုလိုက်သည်။

"တရုတ်နဲ့ သံတမန်ဆက်ဆံရေးထူထောင်ထားတဲ့နိုင်ငံတွေကြားမှာ တစ်ဖက်က တရုတ်(တိုင်ပေ)နဲ့ စစ်ရေးအရ ဆက်သွယ်မှုတွေကို ကျွန်တော်တို့ပြတ်ပြတ်သားသား ကန့်ကွက်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

**US, Japan, Taiwan Agree to Share Real-Time Drone Intel ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် နွေစပါး ၁၀၂၇ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါး ၁၀၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နွေစပါးများကို မေလမှစ၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၀၂၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၃ ဒသမ ၄၅ တင်းထွက်ရှိကာ ယခုလအတွင်း အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ ဒီနှစ် နွေစပါးဧက ၁၈၀၀ ကျော်လောက်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေကို ရိတ်သိမ်းနေပါပြီ။ ဒီနေ့ထိ နွေစပါးဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီ။ ဆက်လက်လဲရိတ်သိမ်းနေကြပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိအောင် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ ၁၈၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၁၉၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၁ ဒသမ ၃၅ ဧက တင်းထွက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၂၁၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် အောင်စည်ယွန်းကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဖြူး ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရရှိငွေဖြင့် အောင်စည်ယွန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အောင်စည်ယွန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေ လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဖြူးမြို့နယ် အောင်စည်ယွန်းကျေးရွာ၌ လမ်းအရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိသော ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေကျပ် ၁၂၉ သိန်းဖြင့် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန် ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညီ

# ကော့မှူးမြို့နယ် စပါးကြီးစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စပါးကြီးစမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၍ မိမိတို့ဒေသဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်း သတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စပါးကြီးစမ်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ငွေကျပ် သိန်း ၄၅၀ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စပါးကြီးစမ်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၃**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Sunshine Hotel ခန်းမဦးလည်းကောင်း နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမဦးလည်းကောင်း အသီးသီးပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် နည်းပြများနှင့် အားကစားသမားများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုယ်စား အားကစားအမျိုးအစားအလိုက် အားကစားသမားတစ်ဦးချင်းစီက ကျေးဇူးတင်စကားများပြန်လည်ပြောကြားကြသည်။ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း နိုင်ငံ့ဂုဏ်ဆောင် နည်းပြများနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မိုင်းပန်မြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းပန် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မိုင်းပန်-တာဆန်းသွားကားလမ်းဘေးရှိ သုံးမိုင်ကျေးရွာအနီးတွင်ပြုလုပ်သည်။

ဦးစွာ မိုင်းပန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မိုင်းပန်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းဦးရေ ၂၅၀ တို့က ကျွန်းပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း မိုင်းပန်မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# မကွေးတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၅/ ၂၀၂၃**
၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ် ဇွန်လ ၁၃ ရက်)

**မကွေးတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင့်ဝေအား မကွေးတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ရှုမီးအမျိုးသားပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ရှုမီးအမျိုးသားပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ်(၈/ ၂၀၂၃)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့်အညီ ပုဒ်မ ၄၃၊ ၄၄ တို့အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် မေလအတွင်း အကျဉ်းထောင် ၅၄ ခု၊ အကျဉ်းစခန်း ၃၈ ခု၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းကျောင်းနှင့် လူငယ်သင်တန်းကျောင်း ၂၆ ခုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ထိုကဲ့သို့သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော အကျဉ်းသား၊ အကျဉ်းသူများက ပညာဆက်လက်သင်ယူလိုကြောင်း တင်ပြသည့် အကျဉ်းသား၊ အကျဉ်းသူများကို ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တွင် “လူတိုင်းပညာသင်ကြားခွင့်ရှိသည်” ဟူသော ပြဋ္ဌာန်းချက်အတိုင်း ပညာဆက်လက်သင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဌာနက စိစစ်ဆောင်ရွက်ပေးနိုင်ရေး အကြံပြုတိုက်တွန်းချက်များ ပေးပို့ခဲ့ပါသည်။

၃။ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ဖြေဆိုသူဦးရေ ၁၆၁၈၅၀ ရှိပြီး အောင်မြင်သူ ၁၀၉၈၅၁ ဦးရှိသည့်အတွက် အောင်ချက်ရာခိုင်နှုန်းမှာ ၆၇ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၁၀ ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၉ ဦးနှင့် အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အကျဉ်းထောင် ခြောက်ခုတို့မှ ဖြေဆိုအောင်မြင်သူ ငါးဦး စုစုပေါင်း ၄၄ ဦးအောင်မြင်ပြီး ယင်းအောင်မြင်မှုတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြောင်းနှင့် ဖြေဆိုသည့် အကျဉ်းသားအားလုံး၏ အောင်မြင်မှုရာခိုင်နှုန်း ၉၁ ဒသမ ၆၇ ရှိကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများ၏ ပညာသင်ကြားခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါရန် စဉ်ဆက်မပြတ်တိုက်တွန်းသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဇွန်လ ၁၃ ရက်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းရှိ ကွန်းခိုရာကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်




**မန္တလေး ဇွန် ၁၃**

မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကွန်းခိုရာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကွန်ခိုးရာဖောင်ဒေးရှင်မှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်းခိုရာကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ရှိ စာသင်ခန်းမများတွင် စာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုကြကာ အခမ်းအနားကိုဆက်လက်ကျင်းပရာ မူလတန်းဆင့်ကျောင်းသား၊ ကျောင်းသူများက ကျောင်းဂုဏ်ပြုသီချင်း သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်စကားပြောကြားပြီး ကွန်းခိုရာဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သောစာရွက်စာတမ်းများကို တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်းထံသို့ လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဂုဏ်ပြုသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာကြီးက ကွန်းခိုရာဖောင်ဒေးရှင်းမှ တာဝန်ရှိသူထံသို့ အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ကွန်းခိုရာဖောင်ဒေးရှင်း (Haven Foundation)က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်မှာ အလျား ၁၃၂ပေ၊ အနံ ၃၆ ပေရှိသံဖရိန် နှစ်ထပ်အာရ်စီအဆောက်အအုံဖြစ်ပြီး အောက်ထပ်တွင် စာသင်ခန်းများ၊ ကျောင်းရုံးလုပ်ငန်းများ အသုံးပြုရန် ကွန်ပျူတာတစ်စုံ၊ အပေါ်ခန်းမတွင် Sound System များ စသည်ဖြင့်ပါဝင်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၃၁၂၈ သိန်းကျော်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ၁၄-၆-၂၀၂၂ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဇွန် ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၁၃**

ဇွန် ၁၂ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၆၆၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၁၃၉၇၄၀ ဦး |
| သေဆုံးသူ | ၁၉၄၃၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၇၃၈ ဦး |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခိုလမ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း က တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ရွှေဖီဦးလက်ဖက်ရည်ထုပ်များ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်က တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုး၊ နန်းမြိုင်ကော်ဖီမစ်ထုပ်များ၊ ကြက်ဥများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများပေးအပ်ကြကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံ ဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းကြီးကျောင်းအတွင်းရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ၎င်းအဖွဲ့တွင်ပါဝင်သည့် ဆေးကုသရေးအဖွဲ့များသည် မဟာပညာသိတာရာမ ပရိယတ္တိစာသင်တိုက်အတွင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအဖွဲ့တွင်ပါဝင်သည့် ဆေးကုသရေးအဖွဲ့များသည်လည်း သက်ကယ်ပြင်ရွာမကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လသာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငတောက်တဲ့ကျေးရွာ အမ်း-စစ်တွေသွားကားလမ်းမဘေးဝဲယာရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇွန် ၁၃**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

**ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။**

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ အထူးဆေးအကာအကွယ်ပေးအဖွဲ့ဝင် ၁၅ ဦးနှင့် အရေးပေါ်သုံးဆေးပစ္စည်းများ စုစုပေါင်း ၂ ဒသမ ၆ တန်ကိုတင်ဆောင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သော စုစုပေါင်း ဆန်အိတ် ၁၆၀၊ ရှစ်တန်ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့လည်းကောင်း တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝ ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၀၃ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၉၁ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။

**နေပြည်တော် ဇွန် ၁၃**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်း ချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ နေ့လယ် ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရသေ့တောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများ ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတ ဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များ ဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရသေ့တောင်တပ်နယ်မှ တပ်မတော်အရာရှိ ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင် များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင် စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီး များကို ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူးတို့က ဆုငွေများ ပေးအပ်ချီးမြှင့် ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ် မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်း များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော် သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီး ဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ် ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက် ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ် ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေး ခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာ သောဈေးနှုန်းများဖြင့် ရောင်းချပေးမှု အပေါ် တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၀၅ | ၂၀၀၀ | ၁၉၆၅ | ၂၀၀၀ | ၂၀၂၅ | ၂၀၁၀ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၅ | ၁၉၉၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၇၅ | ၂၇၀၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၉၀ | ၁၉၄၀ | ၁၉၃၅ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၈၀ | ၂၂၀၅ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၈၅ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၈၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၄၇ | ၂၀၁၉ |
| HSD (500 ppm) | ၁၇၉၂ | ၁၈၅၇ |
| HSD (50 ppm) | ၁၈၆၆ | ၁၉၃၃ |
| HSD (10 ppm) | ၁၈၆၆ | ၁၉၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အောင်သစ္စာရပ်ကွက်ရှိ တာပုံစစ်မှုထမ်းဟောင်းခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ECG၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ သန်းနိုင်(ခ)ကိုနိုင်သည် ၎င်းအသုံးပြုသည့် "Ko Naing" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက်နေ မော်မော်(ခ)မော်ကြီးသည် ၎င်းအသုံးပြုသည့် "Maw Gyi" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရမည်းသင်းမြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲနှင့် နေကြာမျိုးစေ့၊ ဝါမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲနှင့်နေကြာမျိုးစေ့၊ဝါမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ်ရှိ ကတင်ကျေးရွာအုပ်စုရှိ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ(Pilot) ဧရိယာ အထူးဇုန်ကွင်းတွင်ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်း၊ ခရိုင်အဆင့်တာဝန်ရှိသူများ၊ စိုက်ပျိုးတောင်သူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး တောင်သူများကို ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

"ကွင်းသရုပ်ပြပွဲမှာ မိုးနေကြာနဲ့ မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမယ့်တောင်သူတွေကို နေကြာမျိုးစေ့၊ ဝါမျိုးစေ့တွေအခမဲ့ဖြန့်ဖြူးပေးပါတယ်။ဝါလုပ်ငန်းရှင်တွေ၊ ဝါစေ့ကြိတ်ခွဲလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပြီး ဝါဝယ်ယူမှု၊ ရောင်းချမှုနဲ့တွေ့ကြုံနေရတဲ့အခြေအနေတွေကို ဆွေးနွေးညှိနှိုင်းမှုတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်လင်က ပြောပြသည်။

ရမည်းသင်းခရိုင်တွင် မိုးကြိုနေကြာ ၂၄၅ ဧက၊ မိုးကြိုပဲတီစိမ်း ဧက ၃၀၊ မိုးကြိုချည်မျှင်ရှည်ဝါ ၅၀၂၆ ဧကမှာ အထူးဇုန် B-31မျိုးဖြင့် ပိဿာ ၇၀၀ ထွက်ရှိရေးအတွက် ဧက ၁၂၁၀ ရည်မှန်းဆောင်ရွက်ထားရှိကြောင်း၊ ဝါမျိုးစုံ ၈၂၀၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဌာနအနေဖြင့် ရွှေတောင် ၁၀ ဝါမျိုးစေ့ ဧက ၁၈၀၀၀ နှင့် B-31 ဝါစပ်မျိုး ဧက ၃၈၁၀ အတွက် အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် ရမည်းသင်းခရိုင်တွင် မိုးနေကြာစိုက်ပျိုးရန် ၁၃၉၃၆ ဧကလျာထားပြီး ဧက ၆၄၀၀ အတွက်တစ်ဧကလျှင် လေးပြည်နှုန်းအခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အင်ကြင်းကန်ကျေးရွာတွင် စိုက်ပျိုးထားသော နွေစပါးတစ်ဧကတင်း ၁၂၀ ထွက်ရှိရေးစံပြကွက်များနှင့် ရွှေဒါးပညာပေးစခန်းရှိ ရွှေဒါးသာစည်ကျေးရွာတွင်စမ်းသပ်စိုက်ပျိုးထားသော ဥဇဘက်ကစ္စတန်ဝါမျိုးသစ် ရှစ်မျိုးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**



☆ **ကျောပုံးမှအဆက်**

တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်။

ထိုသို့အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်းပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခုအသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင်စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

0 w Kfv M @

# မေတ္တာစမ်းရေ

ခင်မောင်ရွှေ(ရွှေလုံ)



(၁)

"အဖေက မကောင်းဘူးဗျာ။ အငယ်ကောင်ကျတော့ အလိုလိုက်ပြီး မြို့ပေါ်ကကျောင်းထားပေးတယ်။ သားတုန်းကတော့ ရွှစ်တန်းအောင်ရုံပဲ ကျောင်းနေခဲ့ရတာ"

"အောင်သူ မင်းအဲဒီလိုမပြောနဲ့ကွ။ သူကံနဲ့သူလာတာ။ သူ့မှာ မွေးကတည်းက အမေဆိုတာဘာမှန်းမသိ။ အမေကိုတောင် ကောင်းကောင်းမမြင်လိုက်ရဘူး။ မင်းရဲ့သားနဲ့မှရွယ်တူ၊ မင်း ကိုယ့်ညီလေးကို ညီလိုကော၊ သားလိုပါ သဘောထားစမ်းပါကွာ"

အငယ်ကောင် စိုင်းကိုကိုထက်ကို မိခင်ဖြစ်သူက ကံပေါ်၍ အသက် ၄၀ ကျော်မှမွေးဖွားခဲ့သည်။ ကံမကောင်းအကြောင်းမလှသဖြင့် သားစိုင်းကိုကိုထက်မွေးပြီးပြီးချင်း မီးတွင်းထဲမှာ အမေဆုံးပါးသွားရှာသည်။ အကြီးဆုံးသား အောင်သူက မိန်းမရ၍ အိမ်ခွဲနေကြသည်။ စိုင်းကိုကိုထက်နှင့် အောင်သူ၏သား ကွာလှ အသက်တစ်လပေါ့။ အောင်သူက သူ့သားကိုတော့ နယ်မြို့လေးရှိကျောင်း၌ ထားပေးသည်။ ညီ စိုင်းကိုကိုထက်ကိုတော့ မြို့ပြကိုယ်ပိုင်ကျောင်းတွင် အဖေဖြစ်သူက ကျောင်းထားပေးသည်။ ဖခင်ကြီးက အတူထားပေးရန်ပြောတော့ အောင်သူ၏မိန်းမက သူတို့တူအရီး တစ်ကျောင်းတည်းအတူထားလိုက်လျှင် မတည့်မည်စိုး၍ အတူမထားဖြစ်တော့ပေ။

(၂)

ထိုအရာကလည်း ပြဿနာမဟုတ်ပေ။ တစ်နေ့တစ်နေ့ အောင်သူက ညီဖြစ်သူကို မြို့ပြကိုယ်ပိုင်ကျောင်းထားပေးသော ဖခင်ကိုသာ အမြဲပြဿနာရှာတတ်သည်။ အောင်သူတို့ကျောင်းနေအရွယ်က သူတို့မိသားစုလေး အဆင်ပြေကြသည်။ ယခု အငယ်ကောင် စိုင်းကိုကိုထက်လေးမွေးတော့ ယခင်ကထက်ပိုအဆင်ပြေသည်။ မိခင်ဖြစ်သူဆုံးပါးသွားသော်လည်း ဖခင်ဖြစ်သူကတော့ နောက်အိမ်ထောင်မပြုပေ။ အငယ်ကောင် စိုင်းကိုကိုထက်လေး တက္ကသိုလ်ဝင်တန်းအောင်လျှင်၊ သူခြေထောက်ပေါ်သူရပ်တည်နိုင်လျှင် ဖခင်ဖြစ်သူကလည်း ရှိသည့်ပစ္စည်းလေးခွဲဝေပေးပြီး လွတ်ရာကျွတ်ရာကိုသွားမည်ဟု ဆုံးဖြတ်ထားသည်။ တစ်ခါတလေ အောင်သူက ဆိုးတတ်သည်။ အမေသေပြီး တစ်လတောင်မပြည့်သေးဘူး ဖခင်ဆီက အမွေတောင်းဖူးသည်။ တကယ်တော့ အမွေဆိုသည်မှာ ထိုက်မှရသည့်အရာဖြစ်သည်။ သို့သော် ဖခင်တောင်မဆုံးသေးဘူး အမွေတောင်းသည့်စကားကို အရပ်ထဲကလူများကြားတော့ အမျိုးမျိုးဖျောင်းဖျကြသည်။ မည်သို့မျှအဆင်မပြေ။ တစ်ခါလာလည်း အငယ်ဆုံးကောင်လေး မြို့ပြကိုယ်ပိုင်ကျောင်းထားသည်နှင့် အမြဲလိုလိုယှဉ်ပြ၍ ပြောဆိုနေတတ်သည်။ ဖခင်ဖြစ်သူက အသက်ကလေးကလည်းရလာပြီး သားများမွေးထားမိသည့်အတွက် အမြဲလိုလိုသောကများနေရသည်။ စိုင်းကိုကိုထက်က လိမ္မာရေးခြားရှိသလောက် အစ်ကိုဖြစ်သူ အောင်သူကတော့ အရက်မူးလာတိုင်း ဖခင်ဆီကအမွေကို အမြဲလာတောင်းတတ်သည်။

"အဖေက ကျွန်တော့်တုန်းကတော့ ရွာကျောင်းပဲထားခဲ့တယ်။ အခု ညီလေးကိုတော့ မြို့ပြကိုယ်ပိုင်ကျောင်းမှာ အဆင့်မြင့်မြင့်ထားပေးတယ်။ ဖေဖေက မျက်နှာလိုက်တယ်"

"ငါ့သား ဒါက မင်းညီအရင်းပါကွာ။ မင်းရဲ့သားကိုလဲ မင်းတို့မွေးထားတာဆိုပေမဲ့ အဖေပဲကျောင်းစရိတ်ပေးနေရတာမဟုတ်လား။ သူများကြားလို့မှမကောင်းတာကွာ မင်းကလဲ"

"ဟုတ်တာပေါ့။ အဖေက အဖေ့သားကိုပဲချစ်တာ။ သားကိုကျတော့ အဖေကမချစ်ဘူး"

ဦးမြသာသည် သားအကြီးကောင်အောင်သူ၏ ပြောစကားများကိုတွေးနေရင်း မျက်ရည်က အလိုလိုစီးကျလာသည်။ ကျမှန်းမသိအောင် မျက်ရည်များကို လက်ဖမိုးနှင့် အသာလေးသုတ်လိုက်သည်။ အောင်သူကတော့ ဖခင်မျက်နှာကိုကြည့်၍ သူ့အတွေးစလေးများက မပြေနိုင်သေးပေ။

(၃)

"ဖေဖေ သားစာမေးပွဲပြီးပြီဗျ။ ကျောင်းစရိတ်ကုန်ထားတာလေးပြန်ရှာဖို့ သူငယ်ချင်းတွေနဲ့ ရန်ကုန်ကို အလုပ်သွားလုပ်မယ်လေ"

"မသွားပါနဲ့ကွာ။ အိမ်မှာ အဖေ့ကို ကူညီပြီးလုပ်ပေးလဲ အဆင်ပြေပါတယ်"

စိုင်းကိုကိုထက် ဖခင်ပြောသောစကားကို နားထောင်ရင်း အဝေးကိုငေးနေမိသည်။ ထိုအချိန် အစ်ကိုဖြစ်သူ အောင်သူက ပုဆိုးစလွယ်သိုင်းပြီး အိမ်ရှေ့ကိုရောက်လာသည်။

"မင်းဘယ်လိုလဲ အဆင်ပြေလား။ စာမေးပွဲကော ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ် အစ်ကို။ အစ်ကို့သားကော ဖြေနိုင်လား"

"ဖြေနိုင်မှာပါကွ။ ငါ့သားက တောကျောင်းဆိုပေမဲ့ ဂုဏ်ထူးတောင်ပါမယ်ပြောတာပဲ"

ခနဲ့တဲ့တဲ့ပြောလိုက်သော အစ်ကိုဖြစ်သူ၏ စကားကို ငြိမ်နားထောင်နေသည်။ အစ်ကိုအောင်သူ မူးလာလျှင် ဖခင်ကိုအမြဲရစ်တတ်သည်။ ဖခင်ဖြစ်သူက အငယ်လည်းသား၊ အကြီးလည်းသားဆိုသော်လည်း အိမ်ထောင်မကျသေးသည့် အငယ်ကောင် မိတဆိုးလေးကိုတော့ ဦးမြသာက အဖေလိုတစ်မျိုး၊ အမေလိုတစ်ဖုံ ဂရုတော့ပိုစိုက်သည်။ အောင်သူက အကြီးဆုံးသားဖြစ်ပြီး သူ့ကိုဂရုမစိုက်ရလားဆိုသည့် အတွေးနှင့် ဖခင်အပေါ် အမြဲရစ်တတ်သည်။ တက္ကသိုလ်ဝင်တန်းအောင်စာရင်းထွက်တော့ စိုင်းကိုကိုထက်က ဂုဏ်ထူးသုံးဘာသာနှင့် အောင်မြင်သည်။ မြေးဖြစ်သူကတော့ အောင်ရုံသာအောင်သည်။ အောင်သူတစ်ယောက်ကတော့ ညီဖြစ်သူ ဂုဏ်ထူးသုံးဘာသာနှင့်အောင်မြင်သည်ကို မခံမရပ်နိုင်ဖြစ်နေသည်။

(၄)

"သားငယ် မင်းအစ်ကိုကို သွားခေါ်ကွာ"

စိုင်းကိုကိုထက် ဦးခေါင်းကိုငိုက်စိုက်ချ၍ အစ်ကိုဖြစ်သူအိမ်ကိုသွားခဲ့သည်။

"ဟေ့ကောင် ဘာလဲ။ မင်းက ဆယ်တန်းကို ဂုဏ်ထူးသုံးဘာသာပါလို့ လာကြွားတာလား"

"မဟုတ်ပါဘူး အစ်ကိုရာ။ ညီမှာကြွားလိုတဲ့စိတ်လဲ မရှိပါဘူး"

အိမ်ရှေ့ဝရန်တာတွင် အစ်ကိုဖြစ်သူပြောသမျှ စကားကို နားထောင်နေသည်။ အစ်ကိုဖြစ်သူက စကားများပြောချင်ရာပြောပြီးတော့-

"အစ်ကိုကြီး အဖေခေါ်ခိုင်းလိုက်တယ်ဗျ။ အရေးကြီးလို့လာခဲ့ပါအုံးတဲ့"

"အေးပြောလိုက် ညနေမှလာမယ်လို့"

မိန်းမဖြစ်သူက-

"အစ်ကိုရယ် လိုက်သွားလိုက်ပါ။ တော်ကြာ အဖေ စိတ်မကောင်းဖြစ်နေပါ့မယ်"

"နေစမ်းပါကွာ။ မောင်တို့သားလေးကျ အဖေက မကြည့်ဘူး။ သူ့သားအငယ်ကောင်မှ အငယ်ကောင်ဖြစ်နေတာဟေ့"

"မဟုတ်တာမောင်ရယ်။ မောင့်အဖေပဲ မောင့်ရဲ့သားလေးကို ကျောင်းစရိတ်တစ်နှစ်စာအပြီးပေးခဲ့တာ။ မောင့်ရဲ့သား တစ်နှစ်တည်းစာမေးပွဲအောင်သွားတာ မောင့်အဖေကျေးဇူးပါမောင်ရယ်။ လိုက်သွားလိုက်ပါ။ အငယ်ကောင် မျက်နှာမကောင်းဘူး သွားသွား"

မိန်းမလွှတ်၍သာ အောင်သူ ညီငယ်နောက်ကောက်ကောက်ပါအောင်လိုက်လာခဲ့သည်။

"ကဲ. . . သား ထိုင်ကွာ"

"အဖေ ဘာပြောမလို့လဲ ပြော အဖေ"

"အေးအေး မင်းညီလဲ ဆယ်တန်းအောင်လို့ လူလားမြောက်ပြီ။ အဖေ့မှာရှိတဲ့ပစ္စည်းလေးခွဲပေးပြီး အဖေ ဘိုးဘွားရိပ်သာမှာ သွားနေတော့မယ်။ မနက်ဖြန် ရွာကလူကြီးတွေခေါ်ခဲ့ အဖေခွဲပေးမယ်"

အောင်သူတစ်ယောက် ဖခင်၏စကားကိုကြား၍ ရင်ထဲ ကလိကလိဖြစ်နေပြီး ရင်ထဲတွင်တော့ "အဖေကော တကယ်သားတွေကိုခွဲနိုင်မှာတဲ့လား။ ငါတောင် သားတစ်ယောက်တည်းရှိတာ မခွဲနိုင်ဘူး။ အဖေက သားနှစ်ယောက်ပဲရှိတာ အငယ်ကိုပိုချစ်တယ်ဆိုတာ ဖြစ်သင့်ပါတယ်"ဟု တွေးမိသည်။ အငယ်ကောင်လေးကိုမွေးပြီး မီးတွင်းထဲမှာ အမေက ဆုံးပါးခဲ့ရသည်။ အောင်သူ ဖခင်တစ်ယောက်၏မေတ္တာကို အမွေပေးတော့မည်ဆိုသည့်စကားကြားတော့ ပို၍နားလည်လိုက်မိသည်။ သူ့မှာလည်း သားတစ်ယောက်၊ အဖေ့မှာလည်း ကိုယ့်သားနှင့်ရွယ်တူ သားတစ်ယောက်ရှိသည်ဆိုသည့်အတွေးက အောင်သူ၏ရင်ထဲတွင် ဘယ်လိုတွေးတွေး လူလားမမြောက်သေးသည့်ညီငယ် အဖေမရှိရင် ဘာလုပ်မလဲ။ အိမ်ထောင်ချပေးဖို့ကလည်း ငယ်သေး။ ဤသို့ တွေးရင်းနှင့် အောင်သူ၏ပါးပြင်ထက်က မျက်ရည်များက ပါးပေါ်သို့ကျလာသည်။

"အဖေရယ် သားအဖေ့ဆီက အမွေကို သားမမက်ပါဘူး။ သား အဖေ့ကိုစော်ကားမိသမျှ သားအဖေ့ကို တောင်းပန်ပါတယ် အဖေ"

အေးကကြည့်နေသော အငယ်ကောင်စိုင်းကိုကိုထက်ပင် ပြောစရာစကားများထစ်အနေပြီ။ အဖေ့ကိုကြည့်လိုက်၊ အစ်ကိုဖြစ်သူမျက်နှာကိုကြည့်လိုက်နှင့် စိုင်းကိုကိုထက် ပါးပြင်ကမျက်ရည်လေးများက ကြမ်းပြင်သို့ ခုန်ဆင်းကျလာသည်။

"အဖေ သားတောင်းပန်ပါတယ်။ အဖေ ဘယ်ကိုမှမသွားရပါဘူး။ သားလဲ နောက် အဖေ့ကို ဒုက္ခမပေးတော့ဘူးအဖေ။ သားကိုခွင့်လွှတ်ပါနော်"

အောင်သူ ဝန်ချတောင်းပန်ပေပြီ။ ဦးမြသာ ပါးပြင်ထက်က စီးကျလာသောမျက်ရည်လေးများကိုသုတ်၍-

"အေးအေး သား အရက်ကိုလဲလျှော့သောက်"

"အဖေ သားဘယ်တော့မှမသောက်တော့ပါဘူး။ အဖေ့ကို ကတိပေးပါတယ် အဖေ"

ဦးမြသာ ပြုံးရွှင်သောအကြည့်နှင့် အငယ်ကောင်ကိုကြည့်လိုက်၊ အကြီးကောင်ကိုကြည့်လိုက်နှင့် ဦးမြသာ၏ရင်ခွင်ထဲသို့ အကြီးကောင်ဝင်ရောက်ကာ ဦးမြသာသည် သားဖြစ်သူအောင်သူ၏ ဦးခေါင်းလေးကိုပွတ်၍-

"ကဲကဲ သားတို့နှစ်ယောက် ဒီထက်ပိုပြီး ချစ်ချစ်ခင်ခင်နေကြကွာ။ အဖေမျက်စိမမှိတ်ခင် အဖေမြင်သွားချင်တယ်"

အောင်သူ ဖခင်၏စကားကိုကြား၍ ညီဖြစ်သူဘက်လှည့်ကြည့်ကာ-

"ညီလေးကို အစ်ကိုအထင်လွဲမိတာ ခွင့်လွှတ်ပါကွာ။ အစ်ကို ဒီနေ့ကစလို့ အရက်မသောက်တော့ပါဘူး"

ညီဖြစ်သူ စိုင်းကိုကိုထက်သည် အစ်ကိုဖြစ်သူပြောသမျှကို နားထောင်ရင်း ဖခင်ဖြစ်သူနှင့်အတူ သုံးယောက်သားဖက်၍ မိသားစုဆိုသောအဓိပ္ပာယ်ကို နားလည်ကြသည့်အလား မျက်ရည်များကိုယ်စီ စီးကျလာကြတော့သည်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၈၂၄၀၀ စိုက်ပျိုးသွားမည်


ယခင်နှစ်က ဝါသီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံဧက ၈၂၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါစိုက်ပျိုးမှု ခရိုင်လိုက်အနေဖြင့် မုံရွာခရိုင်တွင် ၃၁၇၇၅ ဧက၊ ယင်းမာပင်ခရိုင်တွင် ၆၄၅၃ ဧက၊ ရွှေဘိုခရိုင်တွင် ၅၅ ဧက၊ ရေဦးခရိုင်တွင်ဧက ၅၀၊ ကန့်ဘလူခရိုင်တွင် ၅၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၄၀၀၂ ဧက၊ ကောလင်းခရိုင်တွင် ၁၀ ဧက စုစုပေါင်း ဝါသီးနှံဧက ၈၂၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတော်က လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီးတော့ အိန္ဒိယနိုင်ငံကနေ အထူးအထွက်တိုး ဝါမျိုးတွေ တင်သွင်းစိုက်တာ တွေ့ရပါတယ်။ တောင်သူတွေအနေနဲ့ အခုချိန်မှာဆိုရင် ချည်မျှင်ရှည်ဝါမျိုးတွေကို စိုက်ကြမှာပါ။ အဲဒီဝါမျိုးတွေဟာ တစ်ဧကကို ပိဿာချိန် ၅၀၀ နဲ့ ၁၀၀၀ ကြားမှာ ထွက်တဲ့ဝါမျိုးတွေ ဖြစ်ပါတယ်။ အဲဒီဝါမျိုးတွေကို ပြောင်းလဲစိုက်ပျိုးဖို့ ပညာပေးနေပါတယ်။ အခုဆိုရင် ရွှေတောင်ခြံကကော လွန်ကျွံခြံကပါ ဝါမျိုးကောင်း မျိုးသန့်တွေကို ယူတယ်။ တိုင်းဒေသကြီးအတွင်းမှာ ဖြန့်ဖြူးပေးထားတယ်။ အဲဒါကနေ မျိုးပွားမယ်။ ဒီနှစ်မှာဆိုရင် အဲဒီမျိုးတွေကို တောင်သူတွေက တိုးချဲ့စိုက်ပျိုးမယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် ချည်မျှင်ရှည်ဝါမျိုးများဖြစ်သည့် ရွှေတောင် (၈)၊ ရွှေတောင် (၁၀) မျိုးများကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူခရိုင်ရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘုတ်ပြင်းမြို့နယ်၌ အခြေခံမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

**ဘုတ်ပြင်း ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အိုးမကွာ၊ အိမ်မကွာ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် စွမ်းဆောင်ရည်များမြင့်မားစေရန်အတွက် ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်းထွေးက သင်တန်းတွင်ပို့ချမည့် သင်ခန်းစာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘုတ်ပြင်းမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အခြေခံမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁၂ ရက်မှ ဇွန် ၁၆ ရက်ထိ ငါးရက်ကြာ အခမဲ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော် ရရှိခဲ့

**နေပြည်တော် ဇွန် ၁၃**

ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်ပသို့ ကုလားပဲများတင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချမှုမရှိသေးသော်လည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂ သိန်းဖိုးထိ တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ကုလားပဲတင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်းထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။



ရန်ကုန်ဘုရင့်နောင်ကုန်စည် ဒိုင်ဈေးကွက်တွင် ကုလားပဲဈေးနှုန်းများမှာ မတ်ပဲ၊ ပဲစင်းငုံဈေးတို့နှင့် တန်းတူဖြစ်နေသဖြင့် လက်ရှိတွင် ကုလားပဲပေါက်ဈေးနှုန်း၏အခြေအနေကို ခန့်မှန်း၍မရကြောင်း၊ သို့သော် တောင်သူများနှင့် ကုန်သည်များက အမြင့်ဈေးကိုမျှော်မှန်းနေကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်၏ ကုလားပဲဈေးနှုန်းများမှာ ကုလားပဲလုံးဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀ မှ ၄၅၀၀၊ ကုလားပဲလုံးဖြူကြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၄၆၀၀၊ ကုလားပဲခြမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ မှ ၆၀၀၀ ထိ ရှိပြီး ကုလားပဲလုံးဖြူကြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ SKL

# ဆိပ်ဖြူမြို့နယ် ထန်းပင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထန်းပင်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထန်းပင်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၉၁၅၀၀၀၀နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၈၅၀၀၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၇ ဦးကို သတ္တမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

# နမ့်ခမ်းမြို့နယ် မန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ခမ်း ဇွန် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မန်ကန်ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မန်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၃၄၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၂၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၄ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ် (၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ **လျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့နောက်ဆုံးထား၍** လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၃၉၄၃၆
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်သန်းသန်းမြင့်(မူအုပ်) ဖခင်သည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်မှတ်ပုံတင်ကတ်ပြားတွင်ပါရှိသော ဦးစုလ်တန်နှင့် အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးတွမ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစုလ်တန် (ခ) ဦးတွမ်(၉/ကဆန(နိုင်)၀၇၇၅၃၉)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်း အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် လ/ထမူလတန်းပြတာဝန်ထမ်းဆောင်လျက်ရှိသော ဦးလှိုင်မင်း ဖခင်သည် အမှုထမ်းစာအုပ်နှင့် မှတ်ပုံတင်ကတ်ပြားတွင်ပါရှိသော ဦးသန်းမြင့် နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင်ပါရှိသော ဦးမောင်မြင့် သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊ **ဦးသန်းမြင့် (ခ) ဦးမောင်မြင့် (NGL-၁၀၆၈၃၆)**

## ဝန်ထမ်းအလိုရှိသည်

### အရောင်းစာရေးမ (၁) ဦး

- အသက် ၃၀ အောက်
- ကွန်ပျူတာစာရင်းကျွမ်းကျင်စွာသုံးတတ်ရမည်။
- 65D, 114×115 ကြား
- 09-403733650

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မိုင်းပန် အခြေခံပညာအထက်တန်းကျောင်းခွဲမှ Grade-8 တွင် ပညာသင်ယူနေသော မောင်စောထွန်း၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဖွဲ့နေရပိုင် ဖြစ်ပါကြောင်း။ **မောင်ဖွဲ့နေရပိုင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အင်းကုန်းစက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ Grade-8 တွင် ပညာသင်ယူနေသော မဝင့်ဝါဖူး ၏ မိဘအမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးကျော်ခိုင်ထူး နှင့် ဒေါ်ဝင်းသန္တာ ဖြစ်ပါကြောင်း။ **ဦးကျော်ခိုင်ထူး(၉/ကဆန(နိုင်)၁၅၂၂၂၀)**
**ဒေါ်ဝင်းသန္တာ(၉/ကဆန(နိုင်)၁၅၂၂၅၁)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလွန်းကျေးရွာနေ ဦးမျိုးဝင်း-ဒေါ်ကြည်ကြည်ဝင်းတို့၏သား **မောင်ညဏ်လင်းအောင် (၉/အမရ(နိုင်)၁၁၈၁၅၃)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမျိုးဝင်း-ဒေါ်ကြည်ကြည်ဝင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ညောင်ရွှေ အခြေခံပညာအထက်တန်းကျောင်းမှ Grade-11တွင် ပညာသင်ကြားနေသော မအိမွန်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖြိုး ဖြစ်ပါကြောင်း။ **ဦးဖြိုး(၉/ကဆန(နိုင်)၁၁၃၃၉၃)**

## အမည်မှန်

(အဘ) ဦးဇော်နိုင်ဦး ၏သား၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ မောင်မင်းခန့်မြန်မာ ၏ အမည်မှန်မှာ မောင်မင်းသန့်မြန်မာ ဖြစ်ပါကြောင်း။

**မောင်မင်းသန့်မြန်မာ**

## အမည်မှန်

(အဘ) ဦးဇော်နိုင်ဦး ၏သမီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 မှ မအင်ကြင်းကဗျာ ၏ အမည်မှန်မှာ မမေဘုန်းမြန်မာ ဖြစ်ပါကြောင်း။

**မမေဘုန်းမြန်မာ**

## ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ (၃)လမ်းနေ မသီရိမင်း (ဘ) ဦးမရန်တူး (၁/မညန(နိုင်)၁၅၂၆၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-455313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၆၂၉၈၈၅**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၇×၁၈လမ်းကြား၊ ၈၆လမ်း၊ အမှတ်(၁၀)တွင်နေထိုင်သော မဇင်မာစိုး (ဘ) ဦးတင်စိုးဝင်း (၁/ကမန(နိုင်)၀၅၁၂၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-600954)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၇၁၀၀၀၂၀**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နယ်၊ တောင်ကချင်ရပ်နေ မောင်ကျော်ဇေဟိန်း (ဘ) ဦးနားဗဟာဒူး (၉/မကန(နိုင်)၁၃၉၉၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-499824)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၄၉၅၀၃၉၀**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၇×၁၈လမ်းကြား၊ ၈၆လမ်း၊ အမှတ်(၁၀)တွင်နေထိုင်သော မသန္တာစိုး (ဘ) ဦးတင်စိုးဝင်း (၁/ကမန(နိုင်)၀၅၁၂၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-166880)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၀၆၃၆၇၁၇**

## ပျောက်ဆုံးကြောင်း

မြောက်ဒဂုံမြို့နယ်နေ ဦးလှဌေးဆန်းငါ (ဘ) ဦးထန်တျိုးနိုးငါ (၅/တမန(နိုင်)၀၃၆၈၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-709776)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၇၁၁၆၅၅၃

## ပျောက်ဆုံးကြောင်း

ရှောင်းဦးမြို့နေ မောင်ဝင်းလှိုင် (ဘ) ဦးတင်အေး (၅/ခဥတ(နိုင်)၀၇၇၉၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-373154)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၈၄၉၇၆၆၁

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ ဦးရန်နောင် (ဘ) ဦးကျော်ဆွေ (၅/ကနန(နိုင်)၀၇၆၁၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-642964)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၅၀၉၂၂၄၀

## ပျောက်ဆုံးကြောင်း

ခေါ်သမြို့နေ လှမျိုးကျော် (ဘ) ဦးကျော်နိုင်ဦး (၁၄/ဒဒရ(နိုင်)၁၆၃၃၃၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-758772)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၅၉၇၁၁၁

## အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ သူငယ်တော် ကျေးရွာနေ ဦးခင်မောင်မြင့်(၉/အမရ(နိုင်)၀၅၆၈၈၀)-ဒေါ်အမာမြင့် (၉/အမရ(နိုင်)၀၅၆၈၈၁)တို့၏သား မောင်ဇင်မြင့်နိုင် (၉/အမရ(နိုင်)၁၅၆၂၂၇)၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မောင်ဖုန်းမြင့်နိုင် ဖြစ်ပါကြောင်း။

**မောင်ဖုန်းမြင့်နိုင်**

## ပျောက်ဆုံးကြောင်း

မလှိုင်မြို့နယ်၊ ကံစွယ်ရွာနေ ရှိုင်းထက်ကို(ဘ)ဦးအေးကို(၉/မလဒ(နိုင်)၁၇၈၀၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-631433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၃၉၈၁၇၅

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်နေ ဒေါ်မိန်းလှိုင် (ဘ)ဦးကြားချော် (၉/မရမ(နိုင်)၀၇၈၇၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-960667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၁၄၆၆၆၀

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်...

❖ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG နှင့် PDF အမည်ခံအဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်းဖောက်ခွဲဖျက်ဆီးခြင်း၊နည်းမျိုးစုံဖြင့်သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထားသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့ကို အလွယ်တကူ ခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်များအရ တွေ့ရှိရပါသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး စာမျက်နှာ ၂၂ ကော်လံ ၄ ☆

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်သို့ ထောက်ပံ့ရေးပစ္စည်းများဆက်လက်ပို့ဆောင်

စာမျက်နှာ - ၁၆






## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကွန်းခိုရာကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၁၉

## ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့

စာမျက်နှာ - ၃၀


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257